# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (ဝ၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် အခြေခံပြီး နိုင်ငံရေးသဘောသက်ဝင်သည့် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားချမှတ်သော ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ၁၆-၁၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီအစည်းအဝေးတွင် “မြန်မာနိုင်ငံရှိ “ရိုဟင်ဂျာ” ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ” ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိဘဲ အတည်ပြုချမှတ်ခဲ့သည်။

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတွင် သမာသမတ်ကျရေး၊ ဓမ္မဓိဋ္ဌာန်ကျရေးနှင့် ရွေးချယ်ပစ်မှတ်မထားရေး မူဝါဒများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ဆောင်ရွက်သည့် ဖန်တီးထားသော ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များကို မြန်မာနိုင်ငံက အစဉ်တစိုက် ကန့်ကွက်သည်။

အီးယူနှင့် အိုအိုင်စီတို့က နှစ်စဉ် ကမကထပြု တင်သွင်းသည့် ရှည်လျားလှသော ဆုံးဖြတ်ချက်အဆိုတွင် အခြေအမြစ်မရှိသော


*စာမျက်နှာ ၆ ကော်လံ ၁* ❍


**ယနေ့ ဖတ် စ ရာ**


ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း — ဂုဏ်ထူးဆောင်ဘွဲ့ — စာ - ၃

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်သွားမှာကို ကြောက်နေကြသလား — ဆောင်းပါး — စာ - ၁၀

ကမ္ဘာ့ဒီးယားတော်ဝင်နန်းတော်ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ လာမည့်လတွင် ခရီးသွားများလည်ပတ်နိုင်မည် — နိုင်ငံတကာသတင်း — စာ - ၁၂

ရောဝတီ၊ စဥ့်ကူး၊ ရတနာသိမ်တံတားနှင့် ခူလယ်အင်း — ဆောင်းပါး — စာ - ၁၆





## ပူတာအိုခရိုင်အတွင်းမှ ခရီးသွားများ လာရောက်လည်ပတ်နိုင်သည့် နတ်ကျွန်း

ပူတာအို နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ် အင်လွယ်ယာန်ကျေးရွာအနီးရှိ နတ်ကျွန်းသည် ပြည်တွင်းပြည်ပခရီးသွားများ အချိန်တိုအတွင်း နေ့ချင်းပြန် သွားရောက်လည်ပတ်နိုင်သော အထင်ကရနေရာတစ်ခုဖြစ်ကာ ပွင့်လင်းရာသီအချိန်တွင် ကုန်းလမ်းခရီးမော်တော်ဆိုင်ကယ်များဖြင့် ပူတာအိုမြို့ - မချမ်းဘော့မြို့ - အင်လွယ်ယာန်ကျေးရွာသို့ တစ်နာရီခန့်နှင့် တစ်နာရီခွဲခန့် မောင်းနှင်သွားရောက်နိုင်ပြီး ရေကြောင်းခရီးစက်လှေဖြင့်လည်း သွားရောက်လည်ပတ်နိုင်ကြောင်း သိရသည်။


*စာမျက်နှာ ၆ ကော်လံ ၅* ❑





မြန်မာ့အလင်း

# နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ထူးထူးကဲကဲ၊ စွမ်းစွမ်းတမံ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များဟူ၍ ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂၁၂/၂၀၂၂ တို့ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်။

၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သော ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျက်သရေမင်္ဂလာရှိစွာ ပေါ်ထွက်လာသည့် အမိန့်ကြော်ငြာစာများဖြင့် အထက်တွင်ဖော်ပြခဲ့သော ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အသီးသီး ချီးမြှင့်အပ်နှင်းလိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၁၂/၂၀၂၂ ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များကို ချီးမြှင့်အပ်နှင်းခြင်းဖြစ်ရာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့်ခေတ် ပထမအစိုးရအဖွဲ့နှင့် ဒုတိယအစိုးရအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရသည့် ပုဂ္ဂိုလ်များ ပါဝင်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံယူရသူအားလုံးကို ကြည့်မည်ဆိုပါက တပ်မတော်မှ ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားစုံ၊ ပါတီစုံနှင့် ဘာသာပေါင်းစုံတို့မှ ပုဂ္ဂိုလ်များ၊ စာပေပညာရှင်၊ အနုပညာရှင်များ၊ အားကစားသမားများ၊ သိပ္ပံ/ ဝိဇ္ဇာထူးချွန်ပညာရှင်များနှင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးယန္တရားများတွင် တာဝန်ထမ်းဆောင်ခဲ့ရသူများ စသည်တို့ပါဝင်ကြပြီး အားလုံးသောပုဂ္ဂိုလ်တို့မှာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသဖြင့် ဂုဏ်ပြုထိုက်သူများအဖြစ် ဂုဏ်ပြုခြင်းကို ခံယူကြရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေး လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ထူးထူးကဲကဲ၊ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်သူပုဂ္ဂိုလ်များ ပေါ်ထွန်းလာသည်နှင့်အမျှ နိုင်ငံ့အတွက် ကြီးမားသည့် အင်အားအဖြစ် အကျိုးပြုနိုင်မည် ဖြစ်သည့်အလျောက် အားကျဂုဏ်ယူစွာဖြင့် စွမ်းဆောင်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၃၀ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို (၃၀-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော (၃၀-၁၁-၂၀၂၂) ရက်နေ့ ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၆/၂၀၂၂) အား (၂၈-၁၁-၂၀၂၂) ရက်နေ့မှ (၆-၁-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၃ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီးအေးသောင် | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂။ | ဗိုလ်ချုပ်ဉာဏ်လင်း | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် | ဝန်ကြီး | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်ချုပ်ကြီးမြသင်း | ဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် | ဝန်ကြီး | သာသနာရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ | ဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီးကျော်မင်း | ဝန်ကြီး | သတ္တုတွင်းဝန်ကြီးဌာန |
| ၆။ | ဗိုလ်ချုပ်စိုးမြင့် | ဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီးဖေသိန်း | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၈။ | ဗိုလ်မှူးချုပ်မျိုးသန့် | ဝန်ကြီး | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး |
| ၉။ | ဗိုလ်ချုပ်လှမြင့်ဆွေ | ဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၁၀။ | ဦးခင်မောင်ရင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၁။ | ဗိုလ်မှူးချုပ်မောင်မောင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း | ဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်ချုပ်အေးကျော် | ဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးအောင်ဖုန်း | ဝန်ကြီး | သစ်တောရေးရာဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူးချုပ်ပြည့်စုံ | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၁၆။ | ဗိုလ်မှူးချုပ်မောင်ကြည် | ဥက္ကဋ္ဌ | ကယားပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၇။ | ဗိုလ်မှူးကြီးမျိုးမြင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၈။ | ဗိုလ်မှူးကြီးခင်ကြူး | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၁၉။ | ဗိုလ်မှူးကြီးလှမြင့်ကျော် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၀။ | ဗိုလ်မှူးကြီးမောင်ချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၁။ | ဗိုလ်မှူးကြီးဘိုးချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၂။ | ဗိုလ်မှူးကြီးသိန်းလွင် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၃။ | ဗိုလ်မှူးကြီးလှငွေ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီးသန်းဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၅။ | ဗိုလ်မှူးကြီးတင်လှ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၆။ | ဗိုလ်မှူးကြီးသန်းတင် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၇။ | ဗိုလ်မှူးချုပ်ညွန့်လှိုင် | ဥက္ကဋ္ဌ | ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၈။ | ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၉။ | ဗိုလ်မှူးကြီးမြငြိမ်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၃၀။ | ဗိုလ်မှူးကြီးစိန်ဝင်းအောင် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၁။ | ဗိုလ်မှူးချုပ်ရန်သိမ်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၂။ | ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်မောင်ခင် | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂။ | ဒေါ်သင်းသင်း | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃။ | ဒုတိယဗိုလ်မှူးကြီးသန်းညွန့် | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၄။ | ဦးစန်းဝေ | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၅။ | ဦးဝင်းနိုင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီးကြည်မောင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |

( ပုံ ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၄ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့် | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၂။ | ဦးကျော်ဆန်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးနေဝင်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**
**စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးရဲကျော်မြ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

( ပုံ ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၆ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)**
**ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်( ခရစ်နှစ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအပေါ် တရားရုံးများ၌ စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခွင့်ပြုလိုက်သည် -

(၁) စတ/၂၂/၀၀၁၉၁/ခ စိုးမင်း(ဘ)ဦးမောင်စိုးဝင်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂) မကန/၂၂/၀၀၅၄၆/ခ ယိန်းဘောမ်(ဘ)ဦးချန်းယိန်း၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃) ဗမ/၂၂/၀၀၃၃၄/ခ နော်ဂရောင်(ဘ)ဦးဂေါ်လူထွယ်ရှောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄) ဗမ/၂၂/၀၀၃၃၃/ခ ဂွမ်ဂျာနော်(ဘ)ဦးမရစ်တူး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၅ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်( ခရစ်နှစ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အောက်ပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်-

(၁) ဗမ/၂၂/၀၀၃၈၄/က ငွေးရှည်(ဘ)ဦးအောင်ကျော်ဇင် ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂) ဗမ/၂၂/၀၀၃၈၅/က အောင်နိုင်(ဘ)ဦးမောင်ဖြူသောင်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃) ဗမ/၂၂/၀၀၃၈၆/က ဇော်ဇော်နိုင်(ဘ)ဦးမောင်အေးခင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄) မကန/၂၂/၀၀၂၉၁/က ကျော်သန်းဝင်း(ခ)ရွှေဝင်း(ဘ)ဦးသာဦး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၅) စတ/၂၁/၀၀၀၄၃/က ကျော်မင်းနိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၆) စတ/၂၂/၀၀၁၇၀/က တင်မောင်စိုး(ဘ)ဦးမောင်မောင်လှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၇) စတ/၂၂/၀၀၁၉၃/က သန်းမြတ်ငွေး(ဘ)ဦးစံထွန်းဖြူ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၈) ဘသတ/၂၁/၀၀၀၉၁/က ဇော်သန်းဝင်း(ဘ)ဦးတေန်ချေ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၉) ဘသတ/၂၂/၀၀၁၀၉/က ခင်မောင်လှ(ဘ)ဦးချက်ကြီး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၀) ဘသတ/၂၂/၀၀၁၀၈/က ကျော်နိုင်(ဘ)ဦးကျော်သောင်းစိန်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၁) သတ/၂၀/၀၀၃၀၁/က ညီညီဇော်(ဘ)ဦးစောမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၂) ကဖ/၂၂/၀၀၁၈၁/က ကျော်ငွေးလှိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၃) ကဖ/၂၂/၀၀၁၈၂/က လှမောင်ဝင်း(ဘ)ဦးအောင်ထွန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၄) ကဖ/၂၂/၀၀၁၈၃/က ဇော်ငွေး(ခ)စူပါ(ဘ)ဦးလှရွှေမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၅) အစ/၂၀/၁၈၃၄၀/က မောင်နုစိန်(ခ)နိုင်နိုင်(ဘ)ဦးအောင်ပါလှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၆) လရ/၂၁/၀၀၂၄၂/က စိုးတင့်(ဘ)ဦးတင်အေး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၇) လရ/၂၁/၀၀၂၄၃/က ကျော်မင်းထွန်း(ဘ)ဦးစောသိန်းမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၈) မကန/၂၁/၀၀၇၀၆/က ကွန်ဘောဘရန်မိုင်(ဘ)ဦးကွန်ဘောတန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၉) မကန/၂၁/၀၀၈၇၂/က ခန်ရမ်(ဘ)ဦးဒီးဒန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၀) မကန/၂၁/၀၀၈၇၅/က ရှရွယ်လော့ဒ်အောင်(ဘ)ဦးရှရွယ်လဂျာ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၁) မကန/၂၁/၀၀၂၈၉/က ဆိုင်ဘော်လဆိုင်း (ဘ) ဦးဆိုင်ဘော်ဇော်အိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၂) မည/၂၂/၀၀၃၈၂/က တူးအောင်(ဘ)ဦးအင်ဗွေတူး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၃) ဗမ/၂၂/၀၀၀၃၉/က ဂမ်အောင်(ဘ)ဦးဆိုင်းအောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၄) ဗမ/၂၂/၀၀၀၄၀/က နော်ဆန်း(ခ)မရန်နော်ဆန်း(ဘ)ဦးမရန်လဒွဲ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၅) ဗမ/၂၂/၀၀၁၁၀/က ဝါဖိုင်ဒွဲလီ(ဘ)ဦးဝါဖိုင်လ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၆) ဗမ/၂၂/၀၀၁၆၃/နက စိန်လှအောင်(ဘ)ဦးထွန်းစိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၇) ဗမ/၂၂/၀၀၁၆၅/က အောင်ဖေ(ဘ)ဦးပြည်ပြန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၈) ဗမ/၂၂/၀၀၁၆၆/က ဇင်လင်းအောင်(ဘ)ဦးငွေးမောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၉) ဗမ/၂၂/၀၀၁၆၇/က လင်းထက်စိုး(ဘ)ဦးဖိုးညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၀) ဗမ/၂၂/၀၀၁၆၈/က ချစ်မော်(ဘ)ဦးထွန်းညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၁) ဗမ/၂၂/၀၀၂၄၂/က ပြုံးချို(ဘ)ဦးသန်းကျော်ဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၂) ဗမ/၂၂/၀၀၂၄၃/က နိုင်ထက်ဦး(ဘ)ဦးကျော်မင်းဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၃) လရ/၂၁/၀၀၉၆၀/က တန်ဂွန်း(ခ)ဂွန်းအောင်(ဘ)ဦးမာရှောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၄) လရ/၂၂/၀၀၅၇၆/က ဂွန်းအောင်(ခ)ဂွမ်းအောင်(ဘ)ဦးရှရွယ်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၅) ကတ/၂၂/၀၀၇၃၃/က လီးဆော့(ဘ)ဦးလောရဲ့၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၆) သပ/၂၂/၀၀၁၉၄/က ဖိုးသား(ခ)စိုင်းစံလျှန်း(ခ)ဇော်မ(ဘ)ဦးတင်ဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၇) သပ/၂၂/၀၀၁၉၅/က ထွန်းရွှေ(ဘ)ဦးအွမ်ပွင့်၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၈) သပ/၂၂/၀၀၁၉၆/က စိုင်းပိ(ဘ)ဦးနေဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၉) သပ/၂၂/၀၀၁၉၇/က စိုင်းဦး(ခ)အိုက်ဦး(ဘ)ဦးကောင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၀) အစ/၂၁/၀၅၃၂၃/က မောင်မောင်ထွန်း(ခ)အထွန်းလေး (ခ) စောထွန်းလေး (ဘ) ဦးလဖာအဲ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၁) လရ/၁၂/၀၀၆၁၄/က အောင်ရွှေ(ခ)အောင်မိုင်(ဘ)ဦးဆန်ကြူ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များကလည်းကောင်း**(ယာပုံ)**၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက လည်းကောင်း ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား မေးမြန်းအားပေးစကားပြောကြားကြပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများအား မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မတော်သားမိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ပထမနှစ်ဝက်အတွင်း အဆင့်(A)ဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ New Starlight Construction Co.,Ltd. မှ Laptop ကွန်ပျူတာများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရေ့လုပ်ငန်းစဉ်(၅)ရပ်အနက် လုပ်ငန်းစဉ် (၁) နှင့်အညီ မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစဉ်(၅)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် New Starlight Construction Co.,Ltd. မှ ငွေကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိသော Laptop ကွန်ပျူတာအလုံးရေ ၅၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် New Starlight Consturction Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် New Starlight Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက Laptop ကွန်ပျူတာများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးထံ ပေးအပ်လှူဒါန်းပြီး (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Sanit Petersburg ရှိ Leningrad Nuclear Power Plant (NPP)၊ Power Machines နှင့် Konstantinovsky Palace များသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်တွင် Sanit Petersburg ရှိ Leningrad Nuclear Power Plant (NPP)၊ Power Machines နှင့် Konstantinovsky Palace များသို့ သွားရောက်လေ့လာကြသည်။



### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝင်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်နှင့် ဒေါက်တာ မျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Leningrad Nuclear Power Plant (NPP) သို့ ရောက်ရှိကြရာ အစည်းဝေးခန်းမတွင် စက်ရုံမှူး Lavrentiyev Pavel နှင့်တာဝန်ရှိသူများက စက်ရုံ၏ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ၊ Atomic Energy ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာများ၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နေမှုများ၊ နျူကလီးယား နည်းပညာများနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုဆောင်ရွက်နေမှုများ၊ နျူကလီးယားနည်းပညာကို သုတေသနလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်း စသောကဏ္ဍများစွာတွင် အသုံးပြုလျက်ရှိသည့် အခြေအနေများ၊ ပြည်ပရှိ Atomic Station များအား ထိန်းချုပ်ဆောင်ရွက်ပေးနေမှုများ၊ Leningrad Nuclear Power Plant ( NPP )အနေဖြင့် Sanit Petersburg မြို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင် အသုံးပြုဆောင်ရွက်နေမှုများအပေါ် ဒေသခံပြည်သူများ၏ ယုံကြည်စိတ်ချ လက်ခံနိုင်မှုအခြေအနေ၊ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားဖြင့် လူမှုဘဝအတွက် များစွာအထောက်အကူပြုနေမှု၊ စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အဆိုပါဝန်ထမ်းများနှင့် မိသားစုများအတွက် ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လိုအပ်သည်များ စီမံဆောင်ရွက်ပေးထားမှုများ၊ သဘာဝပတ်ဝန်းကျင်အား လုံခြုံစိတ်ချရမှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ရုရှား-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြသည်။

### လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်ရုံအတွင်း Water Energetic Reactor (W.E.R) – 1200 ပါဝါယူနစ်၏ Block Control Panel လုပ်ငန်းဆောင်ရွက်မှုများ၊ တာဘိုင်ခန်းမ (Inspection of the turbine hall)၊ ထိန်းသိမ်းမောင်းနှင်ရေးခန်းမနှင့် ဓာတ်အားပေးစက် (Generator) လည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာ ကဏ္ဍတစ်ခုချင်းစီအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကာ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Leningrad (Newear Power Plant) NPP သည် Sanit Petersburg မြို့၏အနောက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာတွင်တည်ရှိပြီး 1000 MW ထုတ်လုပ်ပေးလျက်ရှိ၍ Sanit Petersburg မြို့၏ ဓာတ်အားသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စက်ရုံစတင်လည်ပတ်ခဲ့သည်မှာ နှစ်ပေါင်း ၄၉ နှစ်ကြာရှိပြီး အဆိုပါကာလအတွင်း ထိခိုက်မှုတစ်စုံတစ်ရာမျှမရှိဘဲ ကောင်းစွာလည်ပတ်ခဲ့ကာ ယခုချိန်အထိ သဘာဝပတ်ဝန်းကျင်ရှိ ရေထု၊ လေထုအတွင်း မည်သည့် Radation မျှမရှိဘဲ သဘာဝအတိုင်း ပကတိတည်ရှိနေကြောင်း ဆန်းစစ်လေ့လာမှုများအရ သိရသည်။ ထို့ပြင် 1200 MW နှစ်လုံးကိုလည်း တိုးချဲ့ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Power Machines ကုမ္ပဏီ၏ Leningrad Metal Machine စက်ရုံသို့သွားရောက်လေ့လာကြရာ (ဝဲပုံ) စက်ရုံမှ ဒုတိယစက်ရုံမှူး Ivan Grosse က စက်ရုံဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သိရှိလိုသည်များ အသေးစိတ်မေးမြန်းကာ စက်ရုံအတွင်း ဓာတ်အားပေးစက်များ ထုတ်လုပ်နေမှုများကိုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ Power Machines ကုမ္ပဏီသည် ရေအားနှင့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုလျက်ရှိသော Turbine များကို အဓိကထား ထုတ်လုပ်လျက်ရှိသည်။ ကုမ္ပဏီအား ၁၉၄၂ ခုနှစ်မှ စတင်လည်ပတ်ခဲ့ပြီး နိုင်ငံပေါင်း ၃၈ နိုင်ငံကိုလည်း လိုအပ်သောဓာတ်အားပေးစက်များ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ကမ္ဘာ့အဆင့်တွင် စတုတ္ထမြောက် အကြီးမားဆုံး ထုတ်လုပ်သော ကုမ္ပဏီဖြစ်ပြီး ရုရှားနိုင်ငံ၏ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ တပ်ဆင်အသုံးပြုလျက်ရှိသော စက်များ၏ ၇၀ ရာခိုင်နှုန်းကို Power Machines မှ ထုတ်လုပ်ပေးထားကြောင်း သိရသည်။ နည်းပညာပိုင်း အကူအညီနှင့် Design များ ဆောင်ရွက်ပေးခြင်းနှင့် ဓာတ်အားပေးစက်များ တပ်ဆင်ခြင်းအတွက် အကြံဉာဏ်ပေးခြင်း၊ ဖြစ်ပေါ်လာသည့် အခက်အခဲများအား ကူညီဖြေရှင်းပေးခြင်းများကို အဓိကထားဆောင်ရွက်ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်း အလားအလာကောင်းများရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် Konstantinovsky Palace သို့ သွားရောက်၍ နန်းတော်အတွင်းရှိ ပြခန်းများအား ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် Konstantinovsky Palace နန်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့ ဖျော်ဖြေ






**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းပြေပျော်ရွှင်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမဦကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ပေးအပ်ချီးမြှင့်**

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်ဂျင်းနီ၊ မြန်မာ့အသံမှ တေးသံရှင်များက တေးသရုပ်ဖော်အကများ၊ မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဥ္စလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရွှေ့ထွက်မင်းသမီး ဖူးကေရီဆောင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ဇင်ဝိုင်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ ရှေ့ဖုံးမှ

ထပ်တလဲလဲ စွပ်စွဲချက်များပါဝင်သည်။ ဆုံးဖြတ်ချက်အဆိုတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို ပေးအပ်သည့် လက်တွေ့မကျသော လုပ်ငန်းတာဝန်များလည်း ပါဝင်သည်။ ထို့အပြင် ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် “IIMM” ဆိုသည့် ယန္တရားအကြား ဆွေးနွေးမှုပြုလုပ်ရန် ထပ်ဆောင်းအစီအစဉ်ကို ဖန်တီးမှုသည် မြန်မာနိုင်ငံအပေါ် တိုးမြှင့်ဖိအားပေးရန်သာ ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၇-၈-၂၀၁၈ ရက်တွင် အတည်ပြုချမှတ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၃၉/၂ ဖြင့် “IIMM” ကို စတင်ဖွဲ့စည်းတည်ထောင်စဉ်ကတည်းက မြန်မာနိုင်ငံက အသိအမှတ်မပြုကြောင်း တရားဝင်အသိပေးကြေညာထားပြီး ဖြစ်သည်။

စင်စစ်အားဖြင့် ယခုဆုံးဖြတ်ချက်အဆိုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်၏ နောက်ဆက်တွဲအနေဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ယင်းဆုံးဖြတ်ချက်အဆိုတွင် ဖြစ်စဉ်၏ မူလဇာစ်မြစ်နှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားသည်။ လက်တွေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်းတွင် အလုံးအရင်း နေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်း ဖြစ်သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်လုပ်ရပ်များက အဆိုပါဒေသရှိ အသိုက်အဝန်းများအား ၎င်းတို့နေရပ်မှ စွန့်ခွာထွက်ပြေးရန် ခြိမ်းခြောက်တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ကော့ဇက်ဘဇားရှိ စခန်းများတွင် သတ်ဖြတ်မှုနှင့် အကြမ်းဖက် လှုပ်ရှားမှုပေါင်းများစွာ ဖြစ်ပွားလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုရန် လိုအပ်သည်။ ထိုသို့သော အကြောင်းများကြောင့် အဆိုပါစခန်းများရှိ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ တွေ့ကြုံခံစားနေရသည့် နေရပ်စွန့်ခွာသူများက နေရပ်သို့ပြန်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် တုံ့နှေးဝန်လေးနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ် နေရပ်စွန့်ခွာသူများအဖြစ် အတည်ပြုနိုင်သူများကို စိစစ်လက်ခံရန် အဆင်သင့်ရှိသည်။ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို နိုင်ငံသားအဖြစ် ခွင့်ပြုလျက်ရှိသည်။ သို့သော် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှမရှိခဲ့သော “ရိုဟင်ဂျာ” ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စကိုကြည့်လျှင် နိုင်ငံအချို့က ဓနအင်အားနှင့် မီဒီယာကိုအသုံးချ၍ မြန်မာနိုင်ငံတွင် တည်ငြိမ်မှုမရှိစေရန် ပဋိပက္ခတစ်ခုလုံးကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ လက်ရှိကျင်းပလျက်ရှိသော (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံက ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပြဿနာ၏ ရှုပ်ထွေးမှုများကို လျစ်လျူရှုလျက် နိုင်ငံရေးသွတ်သွင်းသည့် အဆိုသာဖြစ်ပြီး၊ မျှတမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် လက်တွေ့ကျမှုမရှိပါ။ အဆိုတွင် အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရေး တောင်းဆိုထားသော်လည်း ကလေးသူငယ် ၁၀၀ ဦးကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၄,၀၀၀ ကျော်တို့ကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချရန် ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းစကားမြောက်သည့် အချက်များနှင့် နိုင်ငံအတွင်း မတူညီသော အသိုက်အဝန်းများအကြား အယူဝါဒကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့်အချက်များ ပါဝင်သည်။ စိတ်ကူးယဉ်တီထွင်ဖန်တီးထားသော စွပ်စွဲချက်များပါဝင်သည့် ယင်းဆုံးဖြတ်ချက်အဆိုကို အတည်ပြုခြင်းဖြင့် မြန်မာနိုင်ငံအရေးကိစ္စအတွက် လက်တွေ့ကျသော အဖြေရှာဖွေရာတွင် မည်သို့မျှ အထောက်အကူပြုနိုင်မည် မဟုတ်ပါ။

အဆိုပါ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ တစ်ချိန်တည်းတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဆုံးဖြတ်ချက်အဆိုပါ ထိပါးသော ဖော်ပြချက်များကို မြန်မာနိုင်ငံက လက်မခံနိုင်ပါ။ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများအပေါ် ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ခိုင်မြဲသော ရပ်တည်ချက်အရလည်းကောင်း၊ ယခုအဆိုတွင် ပါဝင်သည့် သိမ်းကျုံးစွပ်စွဲချက်များအရလည်းကောင်း၊ လက်သင့်ခံနိုင်ဖွယ်မရှိသည့် တောင်းဆိုချက်များအရလည်းကောင်း မြန်မာနိုင်ငံက ယခုဆုံးဖြတ်ချက်အဆိုကို လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။ ထို့အပြင် လက်ရှိတွင် “NUG” ဆိုသည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်း၏ ပါဝင်တက်ရောက်ခြင်း၊ မိန့်ခွန်းပြောကြားခြင်းနှင့် အခြားလုပ်ရပ်များကိုလည်း ခြွင်းချက်မရှိ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်။**

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက် အမှတ် (၄/ ၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမိန့်အမှတ် ၇၀/ ၂၀၂၂၊ ၇၁/ ၂၀၂၂၊ ၇၂/ ၂၀၂၂၊ ၇၃/ ၂၀၂၂ နှင့် ၇၄/ ၂၀၂၂ တို့ဖြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အလုပ်စခန်းအသီးသီးတို့တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၇၇၄ ဦးနှင့် အခြားအကျဉ်းသား ၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။ ထို့ပြင် အမှုဖွင့်တရားစွဲဆိုခံထား ရသည့် အနုပညာရှင် ၁၁ ဦးကို ၎င်းတို့အပေါ် စွဲဆိုထားသည့်အမှုများကို ပိတ်သိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား/ သူ ၄ ဦးတို့ကိုလည်း ပြစ်ဒဏ်များ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ဤကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လူသားချင်းစာနာထောက်ထားမှုဖြင့် ဆောင်ရွက်ပေးမှုသည် လျော်ကန်သင့်မြတ်သော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်သော ရည်ရွယ်ချက်ကို အမျိုးမျိုးဖော်ပြ ပြောဆိုမှုများရှိသော်လည်း သက်ဆိုင်ရာ မိသားစုများအနေဖြင့် ယင်းတို့၏ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ကြရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး အကျိုးစီးပွားများအတွက် နောင်အနာဂတ်တွင်လည်း အလားတူ အပြုသဘောဆောင်သော ခြေလှမ်းလုပ်ဆောင်မှုများ ချမှတ် လုပ်ဆောင်နိုင်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

---

❏ ရှေ့ဖုံးမှ

နတ်ကျွန်းတွင်သဘာဝစိမ်းလန်းနေသောရေအိုင်များနှင့် သဘာဝအလှရှုခင်းများစွာကို လေ့လာနိုင်ခြင်း၊ ကျွန်းပေါ်တွင် တည်ထားကိုးကွယ်သော စေတီပုထိုးများကိုလည်း ဖူးမြော်နိုင်ခြင်း၊ ပူတာအိုခရိုင်အတွင်း ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသော အထင်ကရနေရာတစ်ခု အပါအဝင်ဖြစ်ခြင်းကြောင့် ပွင့်လင်းရာသီတွင် ပြည်တွင်းပြည်ပခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ မိသားစုအလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအဖွဲ့လိုက်သော်လည်းကောင်း အဆက်မပြတ် လာရောက်လည်ပတ်လေ့ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **ဖုန်ကန်(ပူတာအို)**

---

**ဥတုရာသီ၊ တောကိုမှီ၏။**

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (၄) နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၄) နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနသည် ဖွဲ့စည်းမှုအရ ဌာနအသစ်ဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံနှင့်ဆောင်ရွက်နိုင်မှုအပြင် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိသော နှစ် ၃၀ သက်တမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် နှစ် ၅၀ သက်တမ်းရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့ဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ဝန်ထမ်းများအနေဖြင့် သိရှိသဘောပေါက်ရန် လိုအပ်ကြောင်း၊ ယခုနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရခြင်းမှာ ဝန်ထမ်းများနှင့် မျိုးဆက်သစ် ဝန်ထမ်းများအား ဝန်ကြီးဌာန၏ သမိုင်းကြောင်း (History) ကို သိရှိနိုင်စေရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အပြင် ဦးတည်ချက်(၉)ရပ်အနက်မှ မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် စီးပွားရေး ဦးတည်ချက်များ အောင်မြင်နိုင်ရန် ဝိုင်းဝန်း၍ တာဝန်ယူ၊ တာဝန်ခံကာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ MIFER ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် အစိုးရအပေါ် ကျေးဇူးသစ္စာစောင့်သိရန်၊ ဝန်ကြီးဌာန၏ ဦးတည်ချက်အတိုင်း ဌာနများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရာတွင် အသိ၊ သတိ၊ ပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံ့တာဝန်များကို ထူးချွန်အောင်မြင်စွာထမ်းဆောင်ခဲ့သည့် ထူးချွန်စံပြဝန်ထမ်းများ (အရာထမ်းနှင့်အမှုထမ်း)၊ ထူးချွန်အောင်မြင်သည့် စံပြဌာနခွဲများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ စုစုပေါင်း ၃၅ ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ထမ်းထောက်ပံ့ငွေများကိုလည်း ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညပိုင်းတွင် ကျင်းပသည့် ဝန်ကြီးဌာန၏ နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်၍ ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး ညစာသုံးဆောင်ပြီး ဝန်ထမ်းများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၈**

(၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် ဒေသဆိုင်ရာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်မှ ဆရာ ဆရာမများ၊ စာတမ်းဖတ်ကြားကြမည့် ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ အခမ်းအနားကို စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စစ်တွေတက္ကသိုလ်ဂုဏ်ရည်ကို သီကုံးဖွဲ့ဆိုထားသော ဘဝမီးအိမ်ထွန်းညှိရာမြေ တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ယခုနှစ်တွင် ထူးထူးခြားခြား အစီအစဉ်တစ်ရပ်အဖြစ် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေသဆိုင်ရာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သုတေသနစာတမ်းဖတ်ပွဲ (1st Regional Conference on Sustainable Development Rakhine State) RCSD ကို ပထမဆုံးအကြိမ် နှစ်ရက်တိုင်တိုင် ပြုလုပ်မည်ဟု သိရသည့်အတွက် ပွဲဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးသော ရခိုင်သဟာယအသင်းနှင့် လက်ခံကျင်းပသော စစ်တွေတက္ကသိုလ် အပါအဝင် ပံ့ပိုးဆောင်ရွက်သူအားလုံးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်သူပြည်နယ်သားများ ကိုယ်စား အထူးပင်ကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ စာတမ်းဖတ်ပွဲ ပြုလုပ်ခြင်းအားဖြင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသော ဆန်းသစ်ကောင်းမွန်သည့် အသိပညာများရရှိပြီး ပြည်နယ်၏ အရေးပါသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်လာရန် ရည်ရွယ်မျှော်မှန်းထားပါကြောင်းနှင့် တက္ကသိုလ်၊ ကောလိပ်များက ဆရာ ဆရာမများ အနေဖြင့်လည်း အရည်အချင်း ထက်မြက်လာပြီး ပိုမိုကောင်းမွန် အသုံးဝင်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က သုတေသနစာတမ်းဖတ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရခိုင်သဟာယအသင်းမှ ဒေါက်တာ ဇေယျဦးက သုတေသန စာတမ်းဖတ်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရခိုင်ပြည်နယ်အတွင်း၌ ရှိသည့် တက္ကသိုလ်၊ ကောလိပ်များက ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်အချင်းချင်း ချိတ်ဆက်ပြီး မိမိနှင့်သက်ဆိုင်သည့် ပညာရပ်နယ်ပယ်တွင် ပိုမိုဆန်းသစ်ကောင်းမွန်သော နည်းပညာများ ရရှိလာနိုင်စေရန်၊ ဆရာ ဆရာမများ၏ သုတေသန အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်ရန်နှင့် သုတေသနလုပ်ငန်းများမှ ရရှိလာသည့် သုတေသနရလဒ်များကို ရခိုင်ပြည်နယ်အတွင်းရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် Key note Speaker ခြောက်ဦးက စာတမ်း ခုနစ်စောင်၊ စစ်တွေတက္ကသိုလ်က စာတမ်း ၁၂ စောင်နှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)က စာတမ်း ငါးစောင်တို့ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားဒေသများတွင် စီမံကိန်းမြေယာများ အသုံးပြုရန် လျှောက်ထားလာပါက ကွင်းဆင်းစစ်ဆေးပြီးမှ သဘောထားမှတ်ချက်ပေးရမည်

**တောင်ကြီး နိုဝင်ဘာ ၁၈**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း တို့သည် ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ကြိုးစားဆောင်ရွက်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများအနေဖြင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များသည် အလွန်အရေးကြီးပြီး ကျွမ်းကျင်စွာ တတ်မြောက်ထားရမည်ဖြစ်ကာ စာရင်းစစ် စစ်ဆေးခံနိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းမြေယာများ အသုံးပြုရန် လျှောက်ထားလာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းရင်းသားဒေသများတွင် အကျိုးသက်ရောက်မှု ရှိ/မရှိ၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ရှိ/မရှိကို ဌာနမှ ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပြီးမှ သဘောထားမှတ်ချက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး ရုံးလုပ်ငန်းများ ပီပြင်အောင်ဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။




ဆက်လက်၍ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသော ဘဏ္ဍာရန်ပုံငွေများကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် မတိုင်မီအတွင်း ကျရောက်မည့် တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်များအတွက် သုံးစွဲသွားမည်ဖြစ်၍ စာရင်းများပြုစုပေးစေလိုပါကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနဘက်ကလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် တိုင်းရင်းသား အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်စီမံခြင်း စစ်တမ်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာအစားအစာ၊ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာများနှင့် ပတ်သက်ပြီး ပြပွဲများ ကျင်းပနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်တွင် ထည့်သွင်းလျာထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ်ပေး

ယင်းနောက် ဝန်ထမ်းများက အထွေထွေဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များ အပေါ် ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ညှိနှိုင်း ပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာ (MoU) အရ ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ - အိန္ဒိယ နားလည်မှုစာချွန်လွှာ(MoU)အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ အိန္ဒိယနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Jitendra Rawat နှင့် Liaison Officer Mr. Gautam Pandey၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက Online မှ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ - အိန္ဒိယ နားလည်မှုစာချွန်လွှာ (MoU) အရ အိန္ဒိယနိုင်ငံအစိုးရက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ပေးမည်ဖြစ်၍ ပထမနှစ်အတွက် အိန္ဒိယနိုင်ငံ အစိုးရက ရခိုင်ပြည်နယ်အတွင်း နေအိမ်အလုံး ၂၅၀ ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒုတိယနှစ်အတွက် စီမံကိန်းလုပ်ငန်း ၁၃ ခုမှာလည်း သဘောတူညီချက် ရရှိပြီးဖြစ်ကာ ဝန်ကြီးဌာနက စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ် (၄)ဆင့် သတ်မှတ်ဖော်ထုတ်ထားပြီး သက်ဆိုင်ရာဌာနများက စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယနှစ် စီမံကိန်းလုပ်ငန်း ၁၇ ခုကို Proposal ပေးပို့ထားခြင်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသံရုံး တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဌာနအသီးသီးတို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးလိုကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဆင့် အကြောင်းကြားလာသဖြင့် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံဖြင့် ဆွေးနွေးခြင်းမပြုမီ ရခိုင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ဦးစီးဌာနတာဝန်ရှိသူများနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်ခဲ့ပြီး ယနေ့အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခဲ့ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ ဖော်ထုတ်ခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်ရေး ပိုမိုထိရောက်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း MoU ပါ စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မှုနှင့် တတိယနှစ်စီမံကိန်း လုပ်ငန်းများတွင် ဆောင်ရွက်ရန် အခက်အခဲရှိသည့် လုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်သွားရန်ရှိပါကြောင်း ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Jitendra Rawat က နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယခုလို ရခိုင်ပြည်ဖွံ့ဖြိုးတိုးတက်ရေး အိန္ဒိယနိုင်ငံက ထောက်ပံ့ပေးလျက်ရှိရာ စီမံကိန်းရန်ပုံငွေများသုံးစွဲရာတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြင့်တင်သော စီမံကိန်းများ ထည့်သွင်းဆောင်ရွက်စေလိုပါကြောင်း၊ ယနေ့ အစည်းအဝေးပြီးသည့်အချိန်တွင် အဆိုပြုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး အသေးစိတ်အချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် အိန္ဒိယနိုင်ငံအစိုးရသို့ ချက်ချင်းပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြထားသည့် တတိယနှစ်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းတန်ဖိုးပြောင်းလဲလိုမှု၊ လုပ်ငန်းနေရာပြောင်းလဲဆောင်ရွက်လိုမှု၊ အဆောက်အဦအတိုင်းအတာပြောင်းလဲလိုမှုကိစ္စများ၊ လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ်၌ မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်းပွဲနှင့် ထွန်ရေးမလို မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်းပွဲ၊ ကောက်ရိုးထုံးခြင်း၊ နေကြာမျိုးစေ့ချခြင်း၊ ထွန်ရေးမလို မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက တဲကြီးကုန်းကျေးရွာ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အတွက် ကျေးလက်နေတောင်သူများ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဝမ်းစာပြည့်မီရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာ၌ ကိန်းဂဏန်းအချက်အလက်များ တွက်ချက်ရာတွင် ယခုကဲ့သို့ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများမှာ အရေးကြီးသည့်အတွက် ဆက်စပ်သောဌာနများ အတူတကွပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းထိန်က မိုးစပါးစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြပြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးနိုင်ဦးက လယ်ယာသုံးစက်ကိရိယာများ အသုံးပြုဆောင်ရွက်ခဲ့မှုအခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက မိုးစပါးအပြီး သီးထပ်အဖြစ် စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် နေကြာမျိုးစေ့များကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူတောင်သူများက မိုးစပါးစံပြကွက်အား စက်ကိရိယာ အသုံးပြု၍ ရိတ်သိမ်းခြင်း၊ ကောက်ရိုးများကို စက်ကိရိယာအသုံးပြု၍ ထုံးခြင်း၊ စက်ဖြင့် နေကြာမျိုးစေ့ချခြင်း၊ ထွန်ရေးမလို မျိုးစေ့ချစိုက်ပျိုးခြင်း အစရှိသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး လေ့လာကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဆိုင်ရာ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများ လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် တဖြည်းဖြည်း အားကောင်းလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း - ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုးထစ်ချုန်းရွာနိုင်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ ညနေမှ နိုဝင်ဘာ ၂၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ (၂၁) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲပြုလုပ်



နေပြည်တော် နိုဝင်ဘာ ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆို ခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

**အကြမ်းဖက်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော် အစိုးရအနေဖြင့် ဂုဏ်ထူး ဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပြစ်ဒဏ် ကျခံနေရသူများကို ပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေးမှု ကိစ္စရပ်များ၊ အာဆီယံအဖွဲ့ကြီးနှင့် ဆက်စပ်ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့်ကုန် သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး ဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City ၊ Clean City ၊ Smart City ဖြစ်စေရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ Power Point Presentation များ၊ Video ဖိုင် များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြား သည်။

**မဲမသမာမှုများနှင့်တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်သူများ အရေးယူ**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင် မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှု များနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှု အခြေအနေများ၊ အခြေခံမဲဆန္ဒရှင် စာရင်းများ ပြုစုခြင်း၊ စိစစ်ခြင်းနှင့် မဲရုံနှင့်မဲရုံသုံးပစ္စည်းများ လျာထားတွက်ချက်ဆောင်ရွက်မှု အခြေ အနေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန် ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်း ထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**မေးမြန်းဖြေကြားမှုအပြည့်အစုံ ဆက်လက်ဖော်ပြမည်**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ် များ၊ တပ်မတော်သတင်းမှန် ပြန်ကြား ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများနှင့် ပြည်တွင်းသတင်းဌာန များ၊ နေ့စဉ် ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြား သတင်းဌာန များ၊ ပြည်တွင်း အခြေစိုက်ပြည်ပ သတင်း ဌာနမှ သတင်းထောက်များ လာရောက် သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆက်လက်ဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ် (သံလွင်) သည် ယနေ့ တွင် ငပုတောမြို့နယ် ငရုတ် ကောင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၂၀၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၃၃ ဦး၊ ခွဲစိတ်ရောဂါ ၃၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၆ ဦး၊ ကလေး ရောဂါ ၉၂ ဦး၊ အရိုးရောဂါ ၂၇၆ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၄၈၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၉ ဦး စုစုပေါင်း ၂၀၁၂ ဦးတို့ကို လိုအပ် သည့် ဆေးဝါးကုသမှုများ ဆောင် ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ် ကုသရန်လိုအပ်သူ အထွေထွေ ခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ် လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသမှု များ ဆောင်ရွက်ပေးပြီး၊ ဓာတ်မှန် ရိုက်လူနာ ၁၁ ဦး၊ အာထရာ ဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၈ ဦး၊ ECG ဖြင့် နှလုံး စမ်းသပ်လူနာ ၆၇ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၆၆ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေး ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများအား နီးစပ် ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေး နိုင်ခဲ့သည်။

**အောင်မြင်စွာ မွေးဖွားပေးနိုင်**

ထို့အပြင် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော် နယ်လှည့် အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူး ခန့်မင်းညို ဦးဆောင်ပြီး ငရုတ် ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာ အုပ်စု ဘုရားချောင်းကျေးရွာ နေ ဦးဝေသူအောင်၏ဇနီး ဒေါ်ဝင်းဖန့်သူကို ခွဲစိတ်မွေးဖွား ပေးခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၀ မိနစ် ခန့်တွင် သမီးမိန်းကလေး တစ်ဦး (၇ ပေါင် နှင့် ၇ အောင်စ) ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး သမီးငယ် သံလွင်မေဦးဟု အမည် ပေးခဲ့ကာ ကာကွယ်ရေးဦးစီး ချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန် ရှိသူတစ်ဦးမှ ကိုယ်စားပေးအပ်ခဲ့ သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဦးဆုံး မွေးဖွားပေးခဲ့သည့် ကလေးငယ် ဖြစ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ၏ ဆေးကုသပေးမှု သမိုင်းမှတ်တမ်း တွင် ၁၇ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## ပန်းချီဆရာကြီးငါးဦးတို့၏ လက်ရာပန်းချီကားများ တစ်လခန့်ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပထမဆုံး The gallerie Z Collectibes ပန်းချီပြပွဲကို ရန်ကုန် မြို့၄၆ လမ်း (အလယ်) အမှတ် ၂၂၈ ၊ B4six Cafe ဆိုင်၌ ပန်းချီဆရာကြီး ငါးဦးတို့၏ လက်ရာပန်းချီကားများကို တစ်လခန့် ပြသမည်ဖြစ်သည်။

ပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်သော ဦးလှထွန်းအောင်၊ ဦးသန်းစိုး၊ ကာတွန်းဝိဇ္ဇာ၊ ဝင်းသော်၊ ဦးသန်းနိုင်တို့က ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၃၀ ပြသထားသည်။ အဆိုပါပြပွဲတွင် နှစ်ပတ်တစ်ခါ ပန်းချီဆရာများကို ဖိတ်ကြားပြီး မော်ဒယ်လ် လက်တွေ့ ရေးဆွဲသွားမည်ဖြစ်သည်။ ပန်းချီကားဈေးနှုန်း အနေဖြင့် အနိမ့်ဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး ငွေကျပ်သိန်းတစ်ရာ အထိရှိကြောင်း၊ ပြပွဲကို နိုဝင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့ပြီး နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## မောင်တောမြို့နယ်၌ နွားရုံတောင်နှင့် ငွေတောင်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

**မောင်တော နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျော်ထက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက် လျက်ရှိသော နွားရုံတောင်နှင့် ငွေတောင်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှ ဒုအခြေခံလွှာခွဲကျောက်ခင်းကြိတ် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူ များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



အဆိုပါ လမ်းအရှည် ၁/၀ မိုင်ရှိသည့်အနက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်တွင် လမ်းအရှည် ၀/၃ မိုင်ကို ရန်ပုံငွေကျပ် ၁၅၅ ဒသမ ၀၄၅ သန်း ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီစေရေးဘဏ္ဍာနှစ်အတွင်း လုပ်ငန်း များပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ရန် ကုမ္ပဏီမှ တာဝန်ရှိသူ များအား မှာကြားသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်သွားမှာကို ကြောက်နေကြသလား

ကောင်းမြင့်ခိုင်

အာဆီယံနဲ့ပတ်သက်ရင် စာရေးသူရင်ထဲမှာခံစားချက်ရှိနေပါတယ်။စာရေးသူမှမဟုတ်ပါဘူး။အများပြည်သူများမှာလည်း ကျွန်တော့်လိုမျိုးခံစားချက်ရှိပါတယ်။ မြန်မာနိုင်ငံဟာအာဆီယံအဖွဲ့အစည်းကို ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ ပါဝင်ခဲ့ပါတယ်။ ဒီလိုပါဝင်ဖြစ်တဲ့အကြောင်းရင်းကလည်း မြန်မာတို့အနေနဲ့ဆန္ဒရှိသလို အခြားအာဆီယံနိုင်ငံ အားလုံးကလည်း မြန်မာနိုင်ငံရဲ့ ပထဝီဝင်အနေအထားအချက်အချာကျမှု သိရှိတဲ့အတွက် မြန်မာကိုအာဆီယံမှာ ပါဝင်စေချင်ကြပါတယ်။ ဒါကြောင့်လည်း မြန်မာတို့ အာဆီယံကို ဝင်ဖြစ်ခဲ့ပါတယ်။

**မြန်မာနိုင်ငံနှင့် အာဆီယံ**

အာဆီယံအဖွဲ့ဝင် ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနဲ့ပတ်သက်တဲ့ ပဋိညာဉ်တွေ၊ သတ်မှတ်ချက်တွေကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီကနေ့ အာဆီယံ အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံသည်ပင် အာဆီယံအဖွဲ့ဝင်အဖြစ် ၁၉၉၉ ခုနှစ် ဧပြီ ၃၀ ရက်မှာ ဖြစ်ခဲ့တာပါ။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်က ဘန်ကောက်မြို့မှာ စတင်ဖွဲ့စည်းခဲ့တာပါ။

အာဆီယံပဋိညာဉ်စာတမ်းဆိုတာ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ စတင်ပေါ်ပေါက်ခဲ့တာပါ။ အဲဒီနေ့က စင်ကာပူနိုင်ငံမှာကျင်းပခဲ့တဲ့ (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်းမှာ မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံခေါင်းဆောင်တွေ သဘောတူလက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းကို အဖွဲ့ဝင် ၁၀ နိုင်ငံကအတည်ပြုပြီးနောက် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှာ အာဏာသက်ဝင်ခဲ့ပါတယ်။ အဲဒီကစလို့ အာဆီယံဟာ စည်းမျဉ်းစည်းကမ်းတွေကို အခြေခံတဲ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာတာပါ။

**တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ**

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီးနောက်ပိုင်းမှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုနယ်ပယ်ဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသီးသီးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ် တက်ကြွ၍ ဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒကိုဆက်လက်ကျင့်သုံးနေသလို ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို အခြေခံလျက် နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ ကမ္ဘာ့အသိုက်အဝန်းအတွင်း တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာ ရပ်တည်နေပြီး အာဆီယံအပါအဝင် ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံပဋိညာဉ်စာတမ်းအရ တာဝန်ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ၂၀၁၄ ခုနှစ်မှာ တာဝန်ယူခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန်တွေကို မြန်မာနိုင်ငံက တာဝန်ကျေပွန်စွာနဲ့ အကောင်းဆုံးထမ်းဆောင်ခဲ့ပါတယ်။ မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးကြိုးပမ်းမှုတွေအပါအဝင် အာဆီယံရဲ့ အကျိုးစီးပွားနဲ့ ကောင်းကျိုးချမ်းသာကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ အာဆီယံအပေါင်းနိုင်ငံများနဲ့လည်း ပိုမိုနီးကပ်တဲ့ ဆက်ဆံရေးကို ခိုင်မာတိုးတက်စေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံရဲ့ စွမ်းဆောင်ချက်တွေက ဖော်ပြလို့မဆုံးနိုင်ပါဘူး။

မြန်မာတို့အနေနဲ့ အာဆီယံနဲ့ပတ်သက်လာရင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို အိမ်ရှင်အဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အောင်အောင်မြင်မြင် လက်ခံကျင်းပပေးခဲ့ပါတယ်။ ဆီးဂိမ်းဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားကြီးကို နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီးမှာ ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ အရှေ့တောင်အာရှဒေသရဲ့ အကြီးမားဆုံးအားကစားပြိုင်ပွဲကြီးဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံက အာဆီယံနဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေထဲက အောင်မြင်မှုတွေဖြစ်ပါတယ်။ မြန်မာတို့အနေနဲ့ ဘယ်နိုင်ငံကိုမှ ခွဲခြားဆက်ဆံခဲ့တာ မရှိပါဘူး။

**မြန်မာ့ပြည်တွင်းရေးကို ဘာကြောင့်ဝင်စွက်နေ**

အဓိကအချက်အနေနဲ့ကတော့ မြန်မာနိုင်ငံအနေနဲ့ မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံရဲ့ ပြည်တွင်းရေးကိုမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့တာပါဘဲ။

> **ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်တွေ ထမ်းဆောင်လျက်ရှိတဲ့ မြန်မာအစိုးရနဲ့ တပ်မတော်ကို ရည်ညွှန်းဖော်ပြရာမှာ မသင့်လျော်တဲ့ သုံးနှုန်းဖော်ပြချက်တွေဟာလည်း ပြင်းထန်စွာကန့်ကွက်ဖွယ်ရာဖြစ်ပါတယ်။ မြန်မာအစိုးရ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အဖျက်အမှောင့်လုပ်ရပ်တွေ၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဆောင်ကာဖျက်ဆီးနေတဲ့ NUG နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ ရည်ညွှန်းပြောကြားချက်တွေဟာ အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံရာ ရောက်နေပါတယ်။ အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ် ၂ ပါ အခြေခံမူများနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းတွေကို ဖောက်ဖျက်နေတာဖြစ်ပါတယ်**

အာဆီယံသမိုင်းတစ်လျှောက်မှာ မြန်မာက လွန်စွာ ကောင်းပါလျက်နဲ့ ယခင်နဲ့လက်ရှိအာဆီယံဥက္ကဋ္ဌ တာဝန်ယူထားတဲ့နိုင်ငံတွေက မြန်မာတို့အပေါ် ဘာကြောင့် မကောင်းနေရတာလဲ။ မြန်မာ့ပြည်တွင်းရေးကို ဘာကြောင့်ဝင်စွက်နေရတာလဲ။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဗုဒ္ဓဘာသာရဟန်းသံဃာတွေကို သတ်ဖြတ်ခြင်း၊ ကျောင်းဆရာ ဆရာမ၊ ဆေးရုံအုပ်စတဲ့ ပြည်သူ့ဝန်ထမ်းတွေကို သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူတွေသတ်ဖြတ်ခြင်း၊ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်၊ တယ်လီဖုန်းတာဝါတိုင်တွေကို ဖျက်ဆီးခြင်း၊ ဘုရားဖူးပြည်သူတွေကို ရက်ရက်စက်စက်ပစ်ခတ်သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်းစတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ရပ်တွေကို ဘာကြောင့် မသိကျိုးကျွံပြုနေရတာလဲ၊ ဒါတွေဟာ အထောက်အထားခိုင်ခိုင်လုံလုံရှိနေတဲ့ ဖြစ်ရပ်တွေပါ။ ပြစ်မှုကျူးလွန်သူတွေ၊ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်တွေကို ဘာကြောင့် မျက်ကွယ်ပြုနေရတာလဲ ဆိုတဲ့မေးခွန်းတွေမေးချင်ပါတယ်။ဒါက စာရေးသူတစ်ဦးတည်း မေးချင်တဲ့မေးခွန်းမဟုတ်ပါဘူး။ အကြမ်းဖက်အဖွဲ့အစည်းတွေက လွဲလို့ မြန်မာနိုင်ငံပြည်သူတစ်ရပ်လုံးက မေးချင်တဲ့မေးခွန်းပါပဲ။

**အာဆီယံထိပ်သီးအစည်းအဝေး**

တကယ်ဆိုရင် အာဆီယံထိပ်သီးအစည်းအဝေးဆိုတာ အာဆီယံ ၁၀ နိုင်ငံက နိုင်ငံ့အကြီးအကဲနဲ့ အစိုးရအဖွဲ့အကြီးအကဲတွေ တက်ရောက်ရတဲ့ အာဆီယံရဲ့ အဆင့်အမြင့်ဆုံး အစည်းအဝေးကြီးဖြစ်ပါတယ်။ အာဆီယံရဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေနဲ့ပတ်သက်လို့ အာဆီယံအမြဲတမ်း ကော်မတီအစည်းအဝေး၊ အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲတို့မှာ ဆွေးနွေးခဲ့တဲ့ လုပ်ငန်းစဉ်တွေ၊ အာဆီယံဆိုင်ရာ သဘောတူညီချက်တွေ၊ ကြေညာချက်တွေ၊ နားလည်မှုစာချွန်လွှာတွေနဲ့ပတ်သက်ပြီး အာဆီယံနိုင်ငံတွေမှ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အစိုးရအဖွဲ့ ခေါင်းဆောင်တွေက ဆွေးနွေးအတည်ပြု လက်မှတ်ရေးထိုးတဲ့ အစည်းအဝေးကြီးတစ်ခုဖြစ်ပါတယ်။

အာဆီယံပဋိညာဉ်စာတမ်းအရ ထိပ်သီးအစည်းအဝေးကို တစ်နှစ်မှာ နှစ်ကြိမ် ကျင်းပပါတယ်။ နိုင်ငံအချင်းချင်းတန်းတူရည်တူ နိုင်ငံ့အကြီးအကဲ သို့မဟုတ် အစိုးရခေါင်းဆောင်ကို ဖိတ်ကြားသင့်ပါလျက် ဖိတ်ကြားခြင်းမပြုတာဟာ လွန်စွာအရုပ်ဆိုးတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ တပ်မတော်က အာဏာယူထားတဲ့ကာလတွေမှာလည်း မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအနေနဲ့ သူ့နိုင်ငံရဲ့ပြည်တွင်းရေးကို မစွက်ဖက်ခဲ့ပါဘူး။ အဆင့်အတန်း တူညီစွာပဲ အာဆီယံထိပ်သီး အစည်းအဝေးကို ဖိတ်ကြားတက်ရောက်စေခဲ့တာပါ။

အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများအပြီး ထုတ်ပြန်ခဲ့တဲ့ တူညီဆန္ဒငါးချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်တွေရဲ့ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တွေကို မြန်မာနိုင်ငံက ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၁ ရက်စွဲနဲ့ထုတ်ပြန်တာဟာ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒအမှန်ပါပဲ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တစ်ရပ်အနေနဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက် ကောင်းကျိုးတွေကို လုပ်ဆောင်နေမှန်းသိလျက် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က မသိချင်ယောင်ဆောင်နေခြင်းဘဲ ဖြစ်ပါတယ်။

**မြန်မာပြည်သူတွေအတွက် များစွာစိတ်ပျက်**

မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့တူညီဆန္ဒငါးချက်အပေါ် ကြိုးစားဆောင်ရွက်နေတာတွေကို အပြုသဘောဆောင် ဖော်ပြမှုမရှိတာ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတာ၊ ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံကိုချန်လှပ်ထားပြီး အာဆီယံကိုးနိုင်ငံနဲ့သာ ဆွေးနွေးသဘောတူခဲ့တာတွေဟာ အာဆီယံ ပဋိညာဉ်စာတမ်းပါ အခြေခံမူတွေ၊ ပြဋ္ဌာန်းချက်တွေနဲ့မညီတဲ့အတွက် မြန်မာနိုင်ငံက ကန့်ကွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတွင်းမှာထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် မြန်မာအစိုးရက အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ဖိတ်ခေါ်တယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြုလုပ်နေပါတယ်။ ဒ့ါအပြင် အာဆီယံလူသားချင်း စာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) နှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီလိုသိသာထင်ရှားတဲ့ တိုးတက်မှုတွေကို လျစ်လျူရှုထားခြင်းဟာ မြန်မာပြည်သူတွေအတွက် များစွာစိတ်ပျက်ဖွယ်ဖြစ်ပါတယ်။

ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်တွေ ထမ်းဆောင်လျက်ရှိတဲ့ မြန်မာအစိုးရ နဲ့တပ်မတော်ကို ရည်ညွှန်းဖော်ပြရာမှာမသင့်လျော်တဲ့ သုံးနှုန်းဖော်ပြချက်တွေဟာလည်း ပြင်းထန်စွာ ကန့်ကွက်ဖွယ်ရာဖြစ်ပါတယ်။ မြန်မာအစိုးရ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အဖျက်အမှောင့်လုပ်ရပ်တွေ၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဆောင်ကာ ဖျက်ဆီးနေတဲ့ NUG နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ ရည်ညွှန်းပြောကြားချက်တွေဟာ အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံရာရောက်နေပါတယ်။ အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ် ၂ ပါ အခြေခံမူများနဲ့ အကြမ်းဖက်တိုက်ဖျက်ရေး ဆိုင်ရာ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းတွေကို ဖောက်ဖျက်နေတာဖြစ်ပါတယ်။ ဒီလိုမျိုး အကြမ်းဖက်တွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ကြိုးပမ်းနေတာကို မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချကန့်ကွက်တာဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်ပါပဲ။

**အာဆီယံအသိုက်အဝန်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေ**

တူညီဆန္ဒငါးချက် အကောင်အထည်ဖော်ခြင်းကို အချိန်ကန့်သတ်ချက်နဲ့ဖိအားပေး၊ အကျပ်ကိုင်တဲ့ ချဉ်းကပ်မှုမျိုးဟာ အကျိုးမရှိတဲ့အပြင် လက်ရှိပူးပေါင်းဆောင်ရွက်မှုတွေအပေါ် ဆိုးကျိုးတွေသာ သက်ရောက်စေနိုင်ပါတယ်။ ဒါကိုအကြောင်းပြပြီး မြန်မာနိုင်ငံပါဝင်မှုကို ပိုမို ကန့်သတ်ပိတ်ပင်ရန် ကြိုးစားခြင်းဟာ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ခြင်းကို အတားအဆီးဖြစ်စေတဲ့အပြင် အာဆီယံရဲ့စည်းလုံးညီညွတ်မှု၊ အရေးပါအရာရောက်မှု၊ မိသားစုစိတ်ဓာတ်ကို ပျက်ပြားစေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ အာဆီယံကို ဝင်ရောက်ခဲ့တဲ့အချိန်ကစပြီး ဒီကနေ့တိုင် အာဆီယံအသိုက်အဝန်းအကောင်အထည်ဖော်မှုမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခုနှစ် နိုဝင်ဘာလအတွင်း အာဆီယံနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပတ်သက်တဲ့ဆောင်ရွက်ချက်တွေကို *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဖော်ပြရမယ်ဆိုရင် နိုဝင်ဘာ ၅ ရက်မှာ ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေ ပါဝင်တဲ့ (၅) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့်အစည်းအဝေး၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်တို့ပါဝင်တဲ့ (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး တက်ရောက်ခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၇ ရက်က လာအိုနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ (၁၉) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်(လေ)တက်ရောက်ခဲ့ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ်မှာ အကြိမ် (၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရမှာဖြစ်ပါတယ်။ နိုဝင်ဘာ ၇ ရက်မှာပဲ ပြည်ထောင်စုတရားသူကြီးချုပ်ခေါင်းဆောင်တဲ့မြန်မာ ကိုယ်စားလှယ်အဖွဲ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာကျင်းပတဲ့ (၁၀) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ နိုဝင်ဘာ ၆ ရက်က ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ရဲ့ ပဥ္စမအကြိမ်မြောက် အစည်းအဝေးကို မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။

နိုဝင်ဘာ ၉ ရက်မှာ ကမ္ဘောဒီးယားနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိတဲ့(၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးကို Virtual စနစ်ဖြင့် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါဝင်တက်ရောက်ခဲ့ပါတယ်။(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ ဒါကတော့ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ မလေးရှားနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာ ၁၀ ရက်က ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ၊ အာဆီယံစွမ်းအင်ဝန်ကြီးများ၊ အာဆီယံသယ်ယူပို့ဆောင်ရေးဝန်ကြီးများနှင့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပါတယ်။

နိုဝင်ဘာ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ကမ္ဘောဒီးယားနိုင်ငံမှာကျင်းပတဲ့ (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို မြန်မာနိုင်ငံ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး ထင်ရှားတာတစ်ခု ပြောရရင် အကြိမ် (၃၁) မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များသေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့ရာမှာ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်မှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ မြန်မာနိုင်ငံနဲ့အာဆီယံ အရပ်ဘက်၊ စစ်ဘက်ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်အောင်မြင်မှု သတင်းတွေပဲဖြစ်ပါတယ်။

**အာဆီယံအလှည့်ကျဥက္ကဋ္ဌကို ဖိတ်ခေါ်**

မြန်မာ့နိုင်ငံရေးအခြေအနေကို အာဆီယံအနေနဲ့ အမှန်သိစေဖို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌကို မြန်မာနိုင်ငံလာရောက်ဖို့ ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံအတွင်းဖြစ်ပျက်နေတာကို ခိုင်ခိုင်မာမာသက်သေအထောက်အထားနဲ့ ရှင်းလင်းပြောကြားခဲ့တာကို တွေ့ရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါ မိုဟာဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်ဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့ပါတယ်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်တွေအပြင် အာဆီယံအပါအဝင်ဒေသဆိုင်ရာ အကျိုးတူ ကိစ္စရပ်တွေကို ဆွေးနွေးအမြင်ချင်း ဖလှယ်ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာခဲ့ပါတယ်။ ဖြစ်လာရခြင်းအကြောင်းရင်းမှာလည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ တစ်ပါတီတည်းက ရာနှုန်းပြည့်အနိုင်ရရှိရေးအတွက် မမှန်ကန်တဲ့ မဲမသမာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မသမာမှုလုပ်ရပ်တွေကို ဖြေရှင်းပေးရန် အခြားသောပါတီတွေနဲ့ တပ်မတော်က အကြိမ်ကြိမ်တောင်းဆို၊ ညှိနှိုင်းခဲ့ပါတယ်။ ညှိနှိုင်းဖြေရှင်းဖို့ အချိန်များစွာရှိခဲ့သော်လည်း လုံးဝဖြေရှင်း ပြန်ကြားပေးခြင်းမရှိခြင်းကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။

“ မြန်မာ့အကြောင်းကို ထဲထဲဝင်ဝင် မှန်မှန်ကန်ကန်သိအောင် ကြိုးစားစေချင်ပါတယ်။ ဘယ်အခါမှ မြန်မာနိုင်ငံကောင်းကြောင်းမရေးတဲ့ မီဒီယာတွေ၊ အကြမ်းဖက် အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကိုသိလျက်နဲ့ ဖော်ပြခြင်းမရှိတဲ့မီဒီယာတွေရဲ့သတင်းကို အမှန်မယူသင့်ပါဘူး။ ရှင်းလင်းစွာပြောရရင် အကြမ်းဖက်အဖျက်သမားတွေကို အားပေးလက်ခံနေသူတွေဟာ မြန်မာနိုင်ငံပျက်စီးရေးကိုသာ မြင်တွေ့လိုသူတွေ ဖြစ်ပါတယ်”

**အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးမှာ ဆွေးနွေးခဲ့**

အဲဒီဖြစ်စဉ်နဲ့ပတ်သက်လို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်က ကျင်းပတဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးမှာ မြန်မာနိုင်ငံအကြီးအကဲက အာဆီယံဒေသတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ် ဒေသတွင်းပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ဆက်လက်ပံ့ပိုးသွားမယ့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့ ဦးတည်ချက်တွေ အောင်မြင်စေဖို့ အာဆီယံပဋိညာဉ်စာတမ်းနဲ့ အရှေ့တောင်အာရှ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) အခြေခံမူတွေနဲ့အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူနီးကပ်စွာ ပူးပေါင်းသွားမယ့်ကိစ္စရပ်တွေ၊ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့ ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဒီလိုမျိုးဖြစ်ရပ်မှန်တွေ ချပြထားပါလျက်နဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ်မှာ အခွင့်ကောင်းယူတဲ့ ပြည်ပနိုင်ငံအချို့ဟာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့အပြင် စည်းလုံးညီညွတ်ခိုင်မာမှုရှိတဲ့ အာဆီယံအဖွဲ့အတွင်းမှာပင် ဝင်ရောက်သပ်လျှိုမှုရှိနေပါတယ်။ အဲဒီလိုဝင်ရောက်သပ်လျှိုမှုကြောင့် အာဆီယံအဖွဲ့ရဲ့ ဒုတိယမြောက်ရည်ရွယ်ချက်ဖြစ်တဲ့ အင်အားကြီးနိုင်ငံတွေရဲ့ပြိုင်ဆိုင်မှု၊ ကြီးစိုးမှုတွေ ဒေသတွင်းစိမ့်ဝင်ပျံ့နှံ့မလာစေရေးအတွက် ဒေသအတွင်းနိုင်ငံရေးနဲ့ စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်မှာမေးမှိန်ခဲ့ပါတယ်။

“ယခုအခါ ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနေပြီဖြစ်သည့်အတွက် မှန်ကန်မျှတသော စွမ်းဆောင်ချက်များနှင့် အတူအာဆီယံအသင်းကြီး၏ အောင်မြင်မှုအရပ်ရပ်ကို စွမ်းဆောင်နိုင်မည်ဟု ယုံကြည်မိပါသည်” လို့ အဲဒီတုန်းက အာဆီယံအလှည့်ကျဥက္ကဋ္ဌရဲ့ ခရီးစဉ်အပြီးမှာ သတင်းစာတွေကလည်း မြန်မာနဲ့ ကမ္ဘောဒီးယားရဲ့ချစ်ကြည်ရင်းနှီးမှုကို ဂုဏ်တင်ရေးသားခဲ့ကြပါတယ်။ ဗုဒ္ဓဘာသာနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ ရက်ရက်စက်စက်အသတ်ခံနေရပါတယ်။ အကြမ်းဖက်အဖျက်သမားတွေရဲ့ အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၉ ပါးနဲ့ သီလရှင်ဆရာကြီးတစ်ပါး ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါတယ်။ ဒါဟာ နိုဝင်ဘာ ၁၂ ရက်အထိ သတင်းတွေအရ ကြားသိရတာဖြစ်ပါတယ်။ လက်ရှိအာဆီယံဥက္ကဋ္ဌအနေနဲ့ ဘာသာတူချင်း ကိုယ်ချင်းစာစိတ်ရှိမယ်ဆိုရင် အကြမ်းဖက်အဖျက်လုပ်ရပ်ကို လုံးဝ (လုံးဝ) လက်ခံမှာ မဟုတ်ပါဘူး။

မြန်မာနိုင်ငံမှာ အားလုံးညှိနှိုင်းဖြေရှင်းဖို့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုတွေကို အရပ်စကားနဲ့ပြောရရင် (နိုင်ငံတော်က လျှော့ဈေးနဲ့) လိုက်လျောဖိတ်ခေါ်နေတာပါ။ ဒါကိုတချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက မျက်ကွယ်ပြုပြီး အကြမ်းဖက်လုပ်ရပ်တွေမှာ ပါဝင်အားပေးလုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးတဲ့အဖွဲ့ ၁၀ ဖွဲ့ဟာ နိုင်ငံတော်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးမှုရလဒ်ကောင်းတွေ ထွက်ပေါ်လာတယ်လို့ ပြောဆိုနေတဲ့အသံကိုလည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကြားသိစေချင်ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကန့်ကွက်ချက်**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကန့်ကွက်ချက်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအချို့၏ တောင်းဆိုမှုအရ အာဆီယံပဋိညာဉ်စာတမ်းပိုဒ် (၅) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူ တန်းတူကိုယ်စားပြုရေးမူနှင့် သွေဖည်၍ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံ၏ အရေးကိစ္စရပ်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံကို တန်းတူရည်တူ မဆက်ဆံခြင်းနှင့် ခွဲခြားဆက်ဆံသည့် လုပ်ရပ်အပေါ် လက်ခံနိုင်ခြင်းမရှိသဖြင့် ဖော်ပြပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခြင်း မပြုခဲ့ကြောင်း သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံ နိုင်ငံရေး–လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်အတွက် ဆောင်ရွက်လျက်ရှိရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုလည်း အထက်မှာ အချက်အလက်နဲ့ ဖော်ပြပေးထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံကို တန်းတူရည်တူ မဆက်ဆံတာ၊ အကြမ်းဖက်သမားတွေကိုအားပေးဆက်သွယ်ဖို့လုပ်ဆောင်နေတာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လက်တွေ့ကျကျတိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးလုပ်ဆောင်နေတာတွေ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နေတာတွေ၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိဖို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်နေတာတွေကို မြင်အောင်ကြည့်စေချင်ပါတယ်။

မြန်မာ့အကြောင်းကို ထဲထဲဝင်ဝင် မှန်မှန်ကန်ကန်သိအောင် ကြိုးစားစေချင်ပါတယ်။ ဘယ်အခါမှ မြန်မာနိုင်ငံကောင်းကြောင်းမရေးတဲ့ မီဒီယာတွေ၊ အကြမ်းဖက်အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကိုသိလျက်နဲ့ ဖော်ပြခြင်းမရှိတဲ့မီဒီယာတွေရဲ့ သတင်းကို အမှန်မယူသင့်ပါဘူး။ ရှင်းလင်းစွာပြောရရင် အကြမ်းဖက်အဖျက်သမားတွေကို အားပေးလက်ခံနေသူတွေဟာ မြန်မာနိုင်ငံပျက်စီးရေးကိုသာ မြင်တွေ့လိုသူတွေ ဖြစ်ပါတယ်။

**အပြုသဘောမဆောင်တဲ့ လုပ်ရပ်တွေရပ်သင့်**

ကျွန်တော့်ရဲ့ ဆောင်းပါးကို နိဂုံးမချုပ်ခင်ကလေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နဲ့ ဩဂုတ် ၁၇ ရက်မှာ တွေ့ဆုံစဉ် “အဆွေတော်လာရောက်သည့် ယခုခရီးစဉ်သည် တရားဝင်ခရီးစဉ်ဖြစ်ပြီး လက်ရှိအဆွေတော်တည်ရှိနေသည့်နေရာသည် နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းမဖြစ်ပါသည်။ အဆွေတော်အနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ကို လက်ခံခြင်းမရှိပါက အခြားဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အဆိုပြုချက်များကို လက်ခံခြင်းမပြုစေလိုပါ” ဟူ၍ ပြောကြားခဲ့ပါတယ်။ ဒါဟာ မှန်ကန်မျှတတဲ့ စကားဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီအထူးကိုယ်စားလှယ်ရဲ့ သတင်းထုတ်ပြန်ချက်ဟာ ပြည်ပနဲ့ပြည်တွင်းရှိ တရားမဝင်အကြမ်းဖက်အဖွဲ့တွေက ပေးပို့တဲ့သတင်းမှားတွေအပေါ်အခြေခံပြီး ထုတ်ပြန်ခဲ့ပါတယ်။ အခုလည်း မြန်မာနိုင်ငံတက်ရောက်ခြင်းမရှိတဲ့ အကြိမ် (၄၀) နဲ့ (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများအပြီး ထုတ်ပြန်ချက်တွေကလည်း ထိုနည်းလည်းကောင်းပါပဲ။ ပြောချင်တာက မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်မှာ အရှိန်အဟုန်နဲ့ လျှောက်လှမ်းနေပါပြီ။ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တဲ့ လုပ်ရပ်တွေ ရပ်သင့်ပါပြီ။ ဒါတွေကို အစီအစဉ်ရှိရှိ လုပ်ဆောင်နေတာဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်သွားမှာ ကြောက်နေကြသလားလို့ပဲ မေးလိုက်ချင်ပါတော့တယ် ခင်ဗျာ။ ။

# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ မားကို့စ်တို့ ပထမဆုံးအကြိမ်တွေ့ဆုံ

ဘန်ကောက် နိုဝင်ဘာ ၁၈

**တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆက်ဆံရေးသည် မြင့်မားသည့်မဟာဗျူဟာတစ်ခုအဖြစ် အမြဲရှုမြင်ကြောင်း နိုဝင်ဘာ ၁၇ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က (၂၉) ကြိမ်မြောက် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီးပွားရေးခေါင်းဆောင်များ အစည်းအဝေး၏ သီးသန့်အစည်းအဝေး၌ ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရှိမူဒက်ဇ် မားကို့စ်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။**

နှစ်နိုင်ငံစလုံးသည် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်လိုအပ်ပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီး ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

သံတမန်ဆက်ဆံရေး ထူထောင်ချိန်မှစကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီပေးခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် ပံ့ပိုးကူညီမှုများကို လုပ်ဆောင်ခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ မားကို့စ်က ပြောကြသည်။ ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ရန်နှင့်ပင်လယ်ရေကြောင်းမှရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ ပူးပေါင်းရှာဖွေရေး နည်းလမ်းများ ရှာဖွေရန် အဆင်သင့်ဖြစ်ကြောင်း မားကို့စ်က ပြောကြားသည်။ သမ္မတနှစ်ဦး တွေ့ဆုံဆွေးနွေးမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဆင်ဟွာ



တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ မားကို့စ်။

# အိန္ဒိယနိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိကပိုင် ဒုံးပျံပစ်လွှတ်

**နယူးဒေလီ နိုဝင်ဘာ ၁၈**

ဗစ်ခရမ် -အက်စ်ဟု အမည်ပေးထားသည့် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ပုဂ္ဂလိကပိုင် တည်ဆောက်ထားသော ဒုံးပျံကို နိုဝင်ဘာ ၁၈ ရက်တွင် ပစ်လွှတ်ခဲ့သည်ဟု အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်းမှ အရာရှိများက ပြောသည်။

အဆိုပါ ဒုံးပျံကို အာကာသ နည်းပညာကုမ္ပဏီကြီး ဖြစ်သည့် စကိုင်းရုဒ် အဲရိုစပေ့စ်မှ အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး အိန္ဒိယအာကာသ လုပ်ငန်း၏ ဖခင်ကြီးဖြစ်သည့် ဗစ်ခရမ် ဆယ်ရာဘိုင်က အမည်ပေးထားခြင်းလည်းဖြစ်သည်။ ဒုံးပျံ ပစ်လွှတ်ခြင်းကို ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၃၀ တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယတောင်ပိုင်း ပြည်နယ် အန်ဒရာ ပရာဒေ့ရှ် ပြည်နယ် ဆရီဟာရီကိုတာကျွန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အာကာသ လုပ်ငန်းတွင် ပုဂ္ဂလိက ကဏ္ဍလည်း ပါဝင်လာနိုင်မှုကို ပြသသည့် သင်္ဘောလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏အာကာသလုပ်ငန်းကို တစ်ချိန်က အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အိုင်အက်စ် အာအို ) က ကြီးစိုးထားသည်။

၂၀၂၀ ပြည့်နှစ်တွင် အစိုးရသည် အာကာသလုပ်ငန်းတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များလည်း ပါဝင်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည်။

ဆင်ဟွာ



ဗစ်ခရမ် -အက်စ် ဟုအမည်ပေးထားသည့် ဒုံးပျံကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားတော်ဝင်နန်းတော်ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ လာမည့်လတွင် ခရီးသွားများလည်ပတ်နိုင်မည်

**ဖနောင်ပင် နိုဝင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်ရှိ ခရီးသွားများ စိတ်ဝင်စားမှု အမြင့်ဆုံးနေရာတစ်ခုဖြစ်သည့် တော်ဝင်နန်းတော်ကို ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် အဆိုပါနန်းတော်ကို လာရောက်လည်ပတ်ခွင့်ပိတ်ထားသည်မှာအချိန် နှစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ပြည်တွင်းပြည်ပခရီးသွားများ နန်းတော်သို့လာရောက်လည်ပတ်နိုင်မည်ဟု တော်ဝင်နန်းတော်ဝန်ကြီး ကောင်းဆမ်အွမ်က နိုဝင်ဘာ ၁၈ ရက်တွင် သတင်းထောက်များကို ပြောသည်။ ခရီးသွားလာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ တော်ဝင်နန်းတော်ရှိ လှပသည့် စုလစ်မွမ်းချွန်များနှင့် မျှော်စင်များမှာ ကမ္ဘောဒီးယားတွင်တွေ့ရှိရသည့် ခမာယဉ်ကျေးမှု၏ ဂန္ထဝင်မြောက် လက်ရာများပင်ဖြစ်သည်ဟု သိရသည်။ ထီးနန်းဆက်ခံပွဲနှင့် တရားဝင်အခမ်းအနားများ ပြုလုပ်လေ့ရှိသည့်ခန်းမကို ခရီးသွားများ လာရောက်လည်ပတ်နိုင်သည်ဟု သိရသည်။

များပြားလှသည့် စိတ်ဝင်စားဖွယ် အဆောက်အအုံများထဲတွင် ၁၈၃၃၃၅ စတုရန်းမီတာ ကျယ်ဝန်းသည့် ခမာဘုရင်၏ နန်းတော်လည်း ရှိသည်။ အဆိုပါနန်းတော်မှာ လက်ရှိဘုရင် နိုရိုဒွန် သီဟာမိုနီ နေထိုင်လျက်ရှိသည့် နန်းတော်ဖြစ်ပြီး အဆိုပါနန်းတော်ကိုမူ အများပြည်သူများ လာရောက်လည်ပတ်ခွင့်မရှိဟု သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသွားများ ဝင်ရောက်မှုနှုန်းမှာ မျှော်မှန်းထားသည်ထက်ပို၍ လျင်လျင်မြန်မြန်တိုးတက်လာခဲ့သည်ဟု ခရီးသွားလာရေးဝန်ကြီး သွန်ခွန်က ပြောသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံ၌ လောင်စာကန်ပေါက်ကွဲမှုဖြစ်ပွား၍ လူ ၁၅ ဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၈**

အီရတ်နိုင်ငံ မြောက်ပိုင်း၌ လောင်စာကန် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ရှာဖွေ ကယ်ဆယ်မှုများကို အဆုံးသတ်လိုက်ပြီဟု နိုဝင်ဘာ ၁၈ ရက်တွင် အာဏာပိုင်များက ပြောသည်။ သေဆုံးသူစာရင်းကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာဗယ် အဘူ ဘာကာ က နိုဝင်ဘာ ၁၇ ရက်တွင်ကြေညာခဲ့ပြီး အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကာဒစ် စတန်ဒေသတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အတွင်း ဝမ်းနည်းကြေကွဲခြင်းနေ့အဖြစ် ကြေညာခဲ့သည်။

သေဆုံးသူ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။ အပျက်အစီးများ အောက်တွင်နောက်ထပ်အလောင်းများ တွေ့ရှိရခြင်းမရှိတော့ဟု အဘူဘာကာ ကပြောသည်။



လောင်စာကန်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံကို တွေ့ရစဉ်။

နေအိမ်ကို အပူပေးရန်အတွက် အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်ကန် ယိုစိမ့်မှုကြောင့် သုံးထပ်အဆောက်အအုံ ပြိုကျခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များကပြောသည်။ အောက်တိုဘာလနှောင်းပိုင်းကလည်း ဘဂ္ဂဒက်မြို့တွင် လောင်စာတင်ကား ပေါက်ကွဲမှုကြောင့် ကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

၂၀၂၁ ခုနှစ် ဧပြီလအတွင်းကလည်း ဘဂ္ဂဒက်ဆေးရုံရှိ အောက်ဆီဂျင်ဆလင်ဒါ သို့လောင်ခန်းပေါက်ကွဲမှုကြောင့် ၈၀ ကျော် သေဆုံးခဲ့ရသည်။

အေအက်ဖ်ပီ

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း၌ ခရီးသည်တင်ယာဉ်တစ်စီး ရေမြောင်းအတွင်း ထိုးကျ၍ လူ ၂၀ သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ နိုဝင်ဘာ ၁၇ ရက်ညပိုင်းက ခရီးသည်ယာဉ်တစ်စီး ရေမြောင်းအတွင်း ထိုးကျမှုဖြစ်ပွားသဖြင့် လူ ၂၀ သေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကြောင်း နိုဝင်ဘာ ၁၈ ရက်တွင် ဒေသတွင်း အစီရင်ခံစာများ၌ ဖော်ပြထားသည်။

ပြည်နယ် စီဝမ်ဒေသရှိ အဝေးပြေးလမ်းမကြီးနှင့် ကပ်လျက်မြောင်းအတွင်းသို့ အဆိုပါယာဉ်ထိုးကျသွားခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်လခန့်က အဆိုပါဒေသတွင် ရေကြီးမှုများဖြစ်ပွားသဖြင့် ယာဉ်ထိုးကျသွားသည့် နေရာအပါအဝင် မြောင်းအများအပြားကို အာဏာပိုင် များက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရေကြီးချိန်က အဆိုပါ အဝေးပြေးလမ်းမကြီးကို ပိတ်ထားခဲ့ပြီး မကြာသေးမီက ရေပြန်ကျချိန်တွင် အဆိုပါလမ်းမကြီးကို ပြန်ဖွင့်ပေးခဲ့ကြောင်း သိရသည်။ ယာဉ်မတော်တဆဖြစ်ပွားသည့် အဝေးပြေးလမ်းမကြီးကို သွားလာခွင့်ကန့်သတ်ထားသော်လည်း ယာဉ်မောင်းမှာ အရှိန်လွန်ခြင်းကြောင့် အတားအဆီးများကို သတိမထားမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အမျိုးသမီးများနှင့် ကလေးများအပါအဝင် ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးရုံသို့ပို့ဆောင်ပေးပြီး ၎င်းတို့ထဲမှ အများအပြားမှာ ဒဏ်ရာစိုးရိမ်ရကြောင်း သိရသည်။

ဆင်ဟွာ

# ကင်ညာမှ ကမ္ဘာ့အသက်အကြီးဆုံး မူလတန်းကျောင်းသူ အသက် ၉၉ နှစ်တွင် ကွယ်လွန်



**နိုင်ရိုဘီ နိုဝင်ဘာ ၁၈**
အသက်၉၀ ကျော်အရွယ်အထိ ပညာရေးကိုဆည်းပူးရန် သန္နိဋ္ဌာန်ချထားသည့် ကမ္ဘာ့အသက်အကြီးဆုံး မူလတန်းကျောင်းသူ ပရစ်ဆီလာဆိုင်တီနီသည် အသက် ၉၉ နှစ်အရွယ်တွင် ကင်ညာနိုင်ငံ၌ ကွယ်လွန်ခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြလိုက်သည်။ ၎င်းသည် ယူနက်စကို၏ အသိအမှတ်ပြုမှုကိုလည်း ရရှိထားပြီး ပြင်သစ်ရုပ်ရှင်တစ်ခုကိုလည်း ဖန်တီးဖြစ်ပေါ်စေခဲ့သည်။

သူ၏မြေး ဆန်မီချက်ဆီရော်က ဂိုဂိုပရစ်ဆီလာ (အဖွားပရစ်ဆီလာ) သည် ရင်ဘတ်တွင် ကျန်းမာရေးပြဿနာများပေါ်လာပြီးနောက် နေအိမ်၌ပင် နိုဝင်ဘာ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သည်စတန်းဒက် သတင်းစာကို ပြောကြားလိုက်သည်။

ဂိုဂိုသည် နောက်ဆုံးအချိန်အထိ ကျောင်းတက်ခဲ့ကြောင်း ဆန်မီချက်ဆီရော်က ပြောကြားခဲ့သည်။

နှစ်ပေါင်း ၁၀၀ အထိ နေထိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ဂိုဂိုသည် မိမိတို့အားလုံးကို ဂုဏ်တက်စေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျောင်းတက်ခွင့်ပြုရန် ဒေသခံကျောင်းအုပ်ကြီးကို ခွင့်တောင်းစဉ်က သူမ၏အသက်သည် ၉၄ နှစ်ဖြစ်ကြောင်း ယူနက်စကို၏ အချက်အလက်များအရ သိရသည်။ သူမသည် သူမ၏ပတ်ဝန်းကျင်အတွက် စံနမူနာပြယုဂ်တစ်ခုထက် သာလွန်ကြောင်း၊ ကင်ညာရှိ ငယ်ရွယ်သောမိခင်များကို ကလေးများရှိသော်လည်း ကျောင်းပြန်တက်ရန် စိတ်ခွန်အားဖြစ်စေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နေရပ်ပြန်သူများကို ထောက်ပံ့ပေးရန်အတွက် ဥရောပသမဂ္ဂက တောင်ဆူဒန်သို့ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်း ထောက်ပံ့

**ဂျူဘား နိုဝင်ဘာ ၁၈**
တောင်ဆူဒန်နိုင်ငံမှ နေရပ်ပြန်များကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ လူနေမှုဘဝအတွက် ဥရောပသမဂ္ဂ (အီးယူ)သည် နိုဝင်ဘာ ၁၈ ရက်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှတစ်ဆင့် တောင်ဆူဒန်နိုင်ငံကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်း ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

အဆိုပါရန်ပုံငွေများဖြင့် တောင်ဆူဒန်နိုင်ငံသားများ ကြုံတွေ့ရသည့်ကာလတိုနှင့် ကာလရှည်စိန်ခေါ်မှုများကို အကူအညီပေးနိုင်မည်ဟု တောင်ဆူဒန်နိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ် အကြီးအကဲဖြစ်သူ တီမိုအိုခ်ခွန်နန်က ပြောသည်။ တောင်ဆူဒန်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များမှာ အရေးပေါ်အခြေအနေဖြစ်နေသည်ဟု ၎င်းက မြို့တော်ဂျူဘားတွင် သတင်းထောက်များကိုပြောသည်။

တောင်ဆူဒန်နိုင်ငံ၌ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲအကူးအပြောင်းကာလအတွက် ပြင်ဆင်မှုများပြုလုပ်နေရာ နိုင်ငံအတွင်းရှိ နေရပ်ပြန်လာသူများ၏ အခွင့်အရေးကို အာမခံချက်ပေးနိုင်ရေး အီးယူက ကူညီထောက်ပံ့လိုခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ ခရိုင်ခုနစ်ခုမှ လူပေါင်း ၆၀၀၀၀၀ သည် မိမိတို့သဘောဆန္ဒအရ နေရပ်ပြန်လာကြသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဆူဒန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် အာရတ်ဖတ်ဂျမဲလ်က ပြောသည်။ အိမ်နီးချင်းနိုင်ငံများ၌ ဒုက္ခသည်အဖြစ် ခိုလှုံနေသည့် တောင်ဆူဒန်နိုင်ငံသား ၂ ဒသမ ၃ သန်း ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၇ ဦးရှိ

**မနီလာ နိုဝင်ဘာ ၁၈**
ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၁၈ ရက်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၇၄ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၂၃၇၉၈ ဦးရှိကြောင်း ကျန်းမာရေးဌာနက ထုတ်ပြန်ဖော်ပြသည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၂၆၇ ဦးရှိသည်။ ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ၁၇ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူပေါင်း ၆၄၄၅၈ ဦးရှိသည်။ လူဦးရေ ၁၃ သန်းကျော်ရှိသော မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၈ ဦးရှိသည်။


ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၀၀၄ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၇၃ ဒသမ ၇ သန်းရှိသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံရှိ အလုပ်သမား သုံးဦးအနက်တစ်ဦးမှာ အပိုအလုပ်တစ်ခုရှိ

**တိုကျို နိုဝင်ဘာ ၁၈**
ဂျပန်နိုင်ငံရှိ အလုပ်သမား သုံးဦးအနက် တစ်ဦးမှာ အဓိကအလုပ်အပြင် ဘေးပန်းအလုပ်တစ်ခုရှိကြောင်း သို့မဟုတ် အရင်ကရှိခဲ့ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုတွင် ဖော်ပြလိုက်သည်။ အလုပ်သမားထက်ဝက်ကျော်မှာ ကုန်ကျစရိတ်ကာမိရန် အပိုဝင်ငွေရအောင်ယခုလို အလုပ်လုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။




အဆိုပါစစ်တမ်းတွင် အလုပ်သမားပေါင်း ၁၀၀၀ ခန့် ပါဝင်ဖြေဆိုခဲ့ကြသည်။

၎င်းတို့အနက် ၂၀ ရာခိုင်နှုန်းမှာ အဓိကအလုပ်တစ်ခုအပြင် ဒုတိယ အလုပ်တစ်ခုရှိကြောင်း ဖော်ပြခဲ့ပြီး ၁၄ ရာခိုင်နှုန်းမှာ အရင်ကရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဂျပန် ကုမ္ပဏီများသည် အလုပ်သမားများကို ဘေးပန်းအလုပ်မလုပ်ရန် တားမြစ်ထားသော်လည်း ယခုနှစ်များအတွင်း အဆိုပါသဘောထားမှာ ပြောင်းလဲလာလျက်ရှိသည်။

စစ်တမ်း ပါဝင်ခဲ့သူများက ၎င်းတို့သည် အရောင်းစာရေး သို့မဟုတ် အတိုင်ပင်ခံများအဖြစ် တခြားကုမ္ပဏီများတွင် အလုပ်လုပ်လျက်ရှိစဉ် တစ်ဖက်တွင်လည်း အွန်လိုင်းတွင် ထုတ်ကုန်များ ရောင်းချကြောင်း ဖြေဆိုသည်။

**အင်န်အိတ်ချ်ကေ**

## ရွှေတြိဂံနယ်မြေ၌ နိုင်ငံဖြတ်ကျော်မှုခင်းများကို နှိမ်နင်းရန် လာအို၊ ထိုင်းနှင့် မြန်မာအရာရှိများ တွေ့ဆုံဆွေးနွေး

**ဗီယင်ကျန်း နိုဝင်ဘာ ၁၈**
ရွှေတြိဂံနယ်မြေ၌ မူးယစ်ဆေးမှောင်ခိုကူးခြင်းများကဲ့သို့ နိုင်ငံဖြတ်ကျော်မှုခင်းများကို နှိမ်နင်းရန် လာအို၊ ထိုင်းနှင့် မြန်မာအရာရှိများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း မီဒီယာများ၌ နိုဝင်ဘာ ၁၈ ရက်က ဖော်ပြခဲ့သည်။

လာအို ပြည်သူ့တရားလွှတ်တော်ချုပ်ရုံး ဝက်ဆိုက်ဘ် ထုတ်ပြန်ချက်အရ ဒေသတွင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် ရွှေတြိဂံအစိုးရရှေ့နေများကွန်ရက် ဒုတိယအစည်းအဝေးကို လာအိုနိုင်ငံမြောက်ပိုင်း လွန်ဘရာဘန် ပြည်နယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို ဗုဒ္ဓဟူးနေ့မှ သောကြာနေ့အထိ ကျင်းပခဲ့ပြီး ဒေသတွင်း နိုင်ငံဖြတ်ကျော်မခင်းများကို ထိရောက်စွာနှိမ်နင်းရန် ရည်ရွယ်ကြောင်း သိရသည်။




ပါဝင် ဆွေးနွေးသူများက မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပြစ်မှုများကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများသည် ဒေသတွင်းနှင့် နိုင်ငံတကာ၏ လုံခြုံရေးကို ခြိမ်းခြောက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ကြောင်း သဘောတူခဲ့ကြသည်။

ပထမအစည်းအဝေးကို ထိုင်းနိုင်ငံ၌ ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည်။ ရွှေတြိဂံနယ်မြေသည် မဲခေါင်မြစ်ပေါ်ရှိ လာအို၊ ထိုင်းနှင့် မြန်မာနယ်စပ်ဆုံရာ ဒေသဖြစ်သည်။

**ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ၏ ကားတင်သွင်းမှုကို အီရန်နိုင်ငံတားမြစ်

**တီဟီရန် နိုဝင်ဘာ ၁၈ -** အီရန်နိုင်ငံသည် ပြင်သစ်နိုင်ငံ၏ ကားတင်သွင်းမှုကို တားမြစ်လိုက်ကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အီရန် စက်မှု၊ သတ္တုတွင်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အိုမက်ဒ်ကွာလီဘက်ဖ်က ၎င်း၏ ဝန်ကြီးဌာနသည် ပြီးခဲ့သည့်နှစ်များအတွင်း ပြင်သစ်နိုင်ငံ၏ ကျင့်ဝတ်ပျက်ပြားသောလုပ်ဆောင်မှုကြောင့် ပြင်သစ်ကားတင်သွင်းခွင့်ကို တားမြစ်ခဲ့ကြောင်း အက်စ်ဘီ-ဘွတ်ခ်ဟာ သတင်းဝက်ဆိုက်ဘ်တွင် ဖော်ပြထားသည်။

ဝန်ကြီးဌာနသည် ပြီးခဲ့သည့်လများအတွင်း ပြင်သစ်ကားများ တင်သွင်းမှုအတွက် လိုင်စင်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း ကွာလီဘက်ဖ်၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

**ဆင်ဟွာ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ စတုတ္ထနေ့ဆက်လက်ကျင်းပ

နေပြည်တော်  နိုဝင်ဘာ ၁၈

**၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သက်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။**


အလျားခုန်ပြိုင်ပွဲ

တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ များဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၅၇ ကီလို လူသစ်တန်း(အကြို ဗိုလ်လုပွဲ)၊ ၄၈ ကီလို(က)အဆင့် (ဗိုလ်လုပွဲ)၊ ၅၄ ကီလို (က) အဆင့် (အကြိုဗိုလ်လုပွဲ) ၆၇ ကီလို(က) အဆင့် (အကြိုဗိုလ်လုပွဲ)၊ ၆၇ ကီလို အလွတ်တန်း (အကြို ဗိုလ်လုပွဲ)၊ ၇၁ ကီလို အလွတ်တန်း(အကြိုဗိုလ်လုပွဲ)၊ ၈၀ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ) ပွဲစဉ် ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ ၁၀ မျိုးစုံ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၁၀ တန်းကျော် အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ သံပြားဝိုင်းပစ်ပြိုင်ပွဲ ၊အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ ၊ ၁၀ မျိုးစုံ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ လှံတံပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ လူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A)၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက်ရှုံးထွက်ပွဲစဉ်များကို လည်းကောင်း၊ ဇေယျာသီရိ အားကစားရုံ (C) ၌ ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက်နည်းပြအဆင့် ဓားတစ်လက်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသားဓားတစ်လက်အတိုက် ပြိုင်ပွဲ၊ အမျိုးသားဓားနှစ်လက် အတိုက် ပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း သုံးယောက်တွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များနှင့် အလွတ်တန်း နှစ်ယောက်တွဲ အသင်းလိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ ကရာတေးဒို ပြိုင်ပွဲတွင် လူသစ်တန်း ၈၄ ကီလိုတန်း အထက် ကုမိတဲ့ပြိုင်ပွဲ၊ အကြီးတန်း ၆၇ ကီလိုအောက်၊ ၇၅ ကီလိုအောက်၊ ၈၄ ကီလိုအောက်၊ ၈၄ ကီလိုအထက် ကုမိတဲ့ ပြိုင်ပွဲ၊ နည်းပြများ ခတနှင့် ကုမိတဲ့ ပြိုင်ပွဲတို့ကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။


ဂျူဒိုပြိုင်ပွဲ


ဓားတစ်လက်အတိုက်ပြိုင်ပွဲ

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများ နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

တန်ဆောင်းမုန်းလပြည့်ကျော် ၇ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဇီးပြားကြိုးပြင်ကာကွယ်တော ဧရိယာအား ကာကွယ်တော ပတ်ဝန်းကျင်တွင်ရှိသော ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် စိုက်ပျိုးမြေများအတွက် ရေရရှိနိုင်မည့် ရေဝေရေလဲဒေသတို့အား ထိန်းသိမ်းရန်တို့ကိုရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဇီးပြားကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်းနှင့် ထောက်ကြံ့ပင်များအား ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ချေ၊ တောကြောင်၊ တောကြက်၊ တောဝက်၊ မျောက်များနှင့် ငုံး၊ ခါ၊ သစ်တောက်ငှက်၊ ချိုး၊ စွန်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသတိုးပွားလာခြင်း၊ တောင်ချောင်းမကြီးနှင့် ကျောက်ထရံချောင်းတို့ ပေါင်းဆုံ၍ ပုလောချောင်းအတွင်းသို့ စီးဆင်းသည့် အဓိကရေဝေရေလဲ ဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

❖ *ကျော်ဖုံးမှ*

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ဂျပန်နိုင်ငံသား အိုကာမီနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်မှာ အပိုင်း (၂)တွင် ပါဝင်ကာ တတိယမြောက်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်အတွက် ယခုပွဲမှာ အရေးပါနေပြီး အနိုင်ရမှသာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုလမ်းကြောင်းပေါ်သို့ ပြန်လည်တက်လှမ်းခွင့်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် စိန်ခေါ်ပွဲများတွင် နိုင်ပွဲဆက်တိုက်ရရှိမှသာ ၎င်းလက်လွှတ်ခဲ့ရသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်နိုင်ဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုမှပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံခါးပတ် လက်လွှတ်ခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင်တွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရာတွင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် စိန်ခေါ်ပွဲ ထိုးသတ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသား အိုကာမီမှာမူ ၂၀၁၉ နောက်ပိုင်း စိန်ခေါ်ပွဲပြန်လည်ထိုးသတ်ခြင်းဖြစ်သည်။

ရဲရင့်လွင်




**စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က အထက (၁)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲ နေ့သဝဏ်လွှာအား ကသာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းက ဖတ်ကြားစဉ်။**

(အခမ်းအနားတွင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို တိုင်းအဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူလေးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။)

လှအောင်(ကသာ)

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world” ကို “အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး” ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

( ခ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

( ဂ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

( င ) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများအတွက် နည်းပညာအရေးပါမှုနှင့် တီထွင်ဆန်းသစ်မှုများ၊

( ဇ ) ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများ၊

( ဈ ) အကြံပြုချက်များ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် -၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၅.၁၁.၂၀၂၂)ရက်၊ သောကြာနေ့၊ ညနေ ၁၆:၀၀ နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ် – ၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၄၇ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၇ ရက်ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

(၁၈–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓါတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓါတ်ခွဲနမူနာစုစုပေါင်း (၈,၀၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓါတ်ခွဲအတည်ပြုလူနာသစ် (၄၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓါတ်ခွဲနမူနာစုစုပေါင်း (၉,၅၇၃,၅၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓါတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၉၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓါတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၆၅) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓါတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၇) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အသက် ၅ နှစ်မှ ၁၁ နှစ် ကျောင်းနေအရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**အုတ်တွင်း နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကိုဗစ်ကာကွယ်ဆေးတစ်ကြိမ်မျှ ထိုးနှံခြင်းမရှိသေးသော အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးသူငယ်များအား မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းက ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကာကွယ်ဆေးတစ်ကြိမ်မျှ ထိုးနှံခြင်းမရှိသေးသော ကျောင်းနေအရွယ်ကလေးများအား အုတ်တွင်း၊ ကျွဲပွဲ၊ ညောင်ခြေထောက်ပြည်သူ့ဆေးရုံများနှင့် ဝါးတီးကျန်းမာရေးဌာနတို့၌ ဇုန်လေးဇုန်သတ်မှတ်၍ တစ်ချိန်တည်းစတင်ထိုးနှံပေးသည်။

အုတ်တွင်းမြို့နယ်အနေဖြင့် လူဦးရေ ၄၄၀ အတွက် Pfizer ကိုဗစ်–၁၉ ကာကွယ်ဆေး ၄၄ လုံး ခွဲတမ်းရရှိပြီး နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ငါးရက်ကြာ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ယနေ့တွင်လူဦးရေ၁၅၀ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အေမင်းရည်စော

(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉–၁၁–၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဧရာဝတီ၊ စဉ့်ကူး၊ ရတနာသိမ်တံတားနှင့် ခူလယ်အင်း

*ကိုရွှေမန်း(မန္တလေး)*


**မြစ်မင်းဧရာဝတီ**

မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံတော်ကြီးကို အမိမြန်မာနိုင်ငံဟု မိခင်နှင့်ပမာနှိုင်း၍ အထွတ်တမြတ်ပြုကာ တန်ဖိုးထားခေါ်ဆိုသမှု ပြုကြသကဲ့သို့ ဧရာဝတီမြစ်ကြီး၏ ကျေးဇူးတရားများသည် မြန်မာနိုင်ငံသားများ၏ အပေါ်တွင် စာဖွဲ့မကုန်သည့်အတွက် စာပေများတွင် **မြစ်မင်းဧရာဝတီ**ဟုလည်း အထွတ်အမြတ်ပြု၍ ရေးသားခေါ်ဆိုကြသည်ကိုလည်း တွေ့ရသည်။ ဧရာဝတီမြစ်နှင့်အတူ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်း ကူးသန်းသွားလာရေးအတွက်သာမက ရေသတ္တဝါများ ရှင်သန်ပေါက်ပွားရန်အတွက် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများနှင့် ကောက်ပဲသီးနှံ စားနပ်ရိက္ခာ စိုက်ပျိုးရေးအတွက် မြေဩဇာကောင်းမွန်သည့် မြေနုလွင်ပြင်များကို ဖန်တီးပေးလျက်ရှိနေပါသည်။ သို့ဖြစ်သည့်အတွက် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ကို မြန်မာနိုင်ငံ၏ အသက်သွေးကြောများအဖြစ်လည်း သတ်မှတ်ထားကြခြင်းဖြစ်ပါသည်။

မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့၏ ပြုပြင်ဖန်တီးမှုများ၊ ဆက်စပ်ပတ်သက်မှုများနှင့် နိုင်ငံသားတို့၏ကြိုးပမ်းတည်ဆောက်မှုများကြောင့် ကုန်းတွင်းရေချို အင်းအိုင်များ၊ သဘာဝရေကန်ကြီးများ၊ ဆည်ကြီးတာတမံကြီးများအပါအဝင် ကုန်းတွင်းရေချိုဖုံးလွှမ်းမှုမှာ ဟက်တာ ၈ ဒသမ ၁ သန်း ရှိသည်။ ဧရာဝတီမြစ်သည် အလျား ကီလိုမီတာ ၂၁၅၀ ကျော်ရှည်လျားပြီး ရေချိုငါးထုတ်လုပ်မှုအတွက် အရေးပါသည်။ တစ်နိုင်ငံလုံးရေချိုငါးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဧရာဝတီမြစ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ရေပြင်များမှ ထုတ်လုပ်ပေးလျက်ရှိသည်။ ဧရာဝတီမြစ်သည် ငါးနေငါးထိုင်တောများပေါများပြီး ငါးအဆင်းအတက်လမ်းများကောင်းမွန်ကာ ငါးများသွားလာ ကျက်စားမျိုးပွားကြီးပြင်းရန် သဘာဝအစားအစာကြွယ်ဝသော ငါးစာပြင်ကြီးများ၊ ငါးစားကျက်ကြီးများ၊ ငါးနေငါးထိုင်တောများကိုလည်း ဖန်တီးပေးလျက်ရှိသည်။ ဧရာဝတီမြစ်နှင့် ယင်း၏မြစ်လက်တက်များစွာတို့သည် တောတောင် လျှိုမြောင်အသီးသီးမှ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ကြပြီး မြေပြန့်လွင်ပြင်များသို့ ရောက်သောအခါ ရေလမ်းကြောင်းများ ပြောင်းလဲ၍ မြေနုကျွန်းများ၊ သဲသောင်များ ပြောင်းလဲဖြစ်ပေါ်လာခြင်းနှင့်အတူ မြစ်ကျိုးအင်းများ၊ မြစ်စွပ်အင်းများ၊ ကုန်းတွင်းအင်းများ၊ အိုင်များ၊ ထုံးများ၊ ဂရက်များ၊ နွံအင်းများ၊ မြစ်ကြောင်းအင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤသို့အားဖြင့် ရေချိုငါးနှင့် ဆန်စပါး ကောက်ပဲသီးနှံ စားရိက္ခာများ ဘက်စုံထုတ်လုပ်ပေးနိုင်သော ခူလယ်အင်းကြီးကိုလည်း မြစ်မင်းဧရာဝတီက မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်အတွင်း ဖြစ်ထွန်းစေခဲ့သည်။ တစ်နည်းအားဖြင့် မွေးဖွားပေးခဲ့သည်။



ရွှေမုဋ္ဌောစေတီမှ ဧရာဝတီမြစ်နှင့် ရတနာသိမ်တံတားမြင်ကွင်း။



ရွှေတိဂုံရင်ပြင်တော်ရှိ စဉ့်ကူးမင်း ခေါင်းလောင်း။

**✳ စဉ့်ကူးမြို့သည် အနော်ရထာမင်းလက်ထက် သက္ကရာဇ် ၃၉၅ ခု တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့က ပြည်ပရန်ကို ကာကွယ်ရန်အတွက် ကင်းတပ်စခန်းမြို့ပေါင်း ၄၃ မြို့ကို တည်ဆောက်ခဲ့ရာတွင် အပါအဝင်မြို့ဖြစ်ပြီး မှန်နန်းရာဇဝင်တော်ကြီးတွင် အမှတ်စဉ် (၁၅) ငစဉ့်ကူးဟူ၍ ဖော်ပြထားသည်။ ပုဂံခေတ် နရသီဟပတေ့မင်း လက်ထက် ၆၃၆ ခုနှစ်တွင် တာပေါင်းတစ်သောင်း အကျယ်ရှိ သော တံခါးလေးရပ်ပါရှိသောမြို့အဖြစ် တည်ထောင်ခဲ့သည်။ ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင်လည်း မြို့ရိုး၊ ပြအိုး၊ ကျုံး၊ စံနန်းတို့ဖြင့် စနစ်တကျတည်ဆောက်ခဲ့သည့် မြို့ဖြစ်သည်။ ယခုအခါတွင် နန်းမြို့အဝင်တံခါး အမှတ်အသား တိုင်လုံးကြီးများဖြင့် ရှေးဟောင်းနန်းမြို့အဖြစ် ဂုဏ်ယူဝင့်ကြွားနေဆဲဖြစ်သည်**

**စဉ့်ကူးမြို့**

စဉ့်ကူးမြို့သည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင်၌တည်ရှိပြီး မန္တလေးမြို့မှ ကားလမ်းအားဖြင့် မြောက်ဘက် မိုင် ၄၀ အကွာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်ရှိသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးရှိစဉ့်ကူးမင်းခေါင်းလောင်းတော်နှင့် အလှူရှင်ဖြစ်သူ စဉ့်ကူးမင်းဟူသော အမည်များနှင့်တွဲ၍ စဉ့်ကူးဟူသော အမည်နာမကို ရင်းနှီးကျွမ်းဝင်ကြပြီး ဖြစ်ပါမည်။ စဉ့်ကူးမင်း၏ငယ်မည်မှာ ရဲမင်းလှဖြစ်ပြီး မင်းသားဘဝငယ်စဉ်က အပိုင်စားရခဲ့သော မြို့ဖြစ်၍ ရှင်ဘုရင်ဖြစ်သောအခါတွင် စဉ့်ကူးမင်းအမည်ဖြင့် သမိုင်းတင်ခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်မင်းဆက်၏ လေးဆက်မြောက်မင်းဖြစ်ပြီး ဖခင်ဆင်ဖြူရှင်မင်း၏ မပြီးပြတ်ခဲ့သော ခေါင်းလောင်းကို ဆက်လက်သွန်းလုပ်၍ မဟာဂဏ္ဍာဘွဲ့တော်ရှိ (အလေးချိန် ၁၅၅၅၅ ပိဿာ) ခေါင်းလောင်းတော်ကြီးကို ရွှေတိဂုံစေတီတော်၌ ၁၁၄၀ ပြည့်နှစ်တွင် လှူဒါန်းခဲ့သည်။ တန်ချိန်အားဖြင့် ၂၄ တန်လေးပြီး စဉ့်ကူးမင်းခေါင်းလောင်းဟူ၍ ကျော်ကြားသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ၁၈၂၄ ခုနှစ်တွင် မြန်မာတို့စစ်ရှုံးခဲ့ရာ ရန်ကုန်မြို့သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီး ခေါင်းလောင်းကြီးအား အင်္ဂလန်သို့ သယ်ယူရန် ဆောင်ရွက်စဉ် ရန်ကုန်မြစ်အတွင်း ပြုတ်ကျနစ်မြုပ်ခဲ့သည်။ အင်္ဂလိပ်တို့က ဆယ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ လက်လျှော့ခဲ့ကြသဖြင့် ရန်ကုန်မြို့ရှိမြန်မာလူကြီးများက ပြန်လည်ဆယ်ယူခွင့်နှင့် ရွှေတိဂုံစေတီသို့ ပြန်လည်လှူဒါန်းခွင့် တောင်းခံရရှိခဲ့ကြသဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြန်လည်ဆယ်ယူ၍ မူလနေရာတွင် ပြန်လည်ထားရှိလှူဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်တို့ ဖြုတ်ယူသယ်ဆောင်ခြင်းနှင့် မြန်မာတို့ ပြန်လည်ဆယ်ယူခြင်းများတွင် ခေါင်းလောင်းတော်နှုတ်ခမ်း၌ ထိခိုက်ပွန်းပဲ့မှုများကို တွေ့ရှိနိုင်သည်။


စဉ့်ကူးမြို့သည် အနော်ရထာမင်းလက်ထက် (သက္ကရာဇ် ၃၉၅ ခု တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့)က ပြည်ပရန်ကို ကာကွယ်ရန်အတွက် ကင်းတပ်စခန်းမြို့ပေါင်း ၄၃ မြို့ကို တည်ဆောက်ခဲ့ရာတွင် အပါအဝင်မြို့ဖြစ်ပြီး မှန်နန်းရာဇဝင်တော်ကြီးတွင် အမှတ်စဉ် (၁၅) ငစဉ့်ကူးဟူ၍ ဖော်ပြထားသည်။ ပုဂံခေတ် နရသီဟပတေ့မင်း လက်ထက် ၆၃၆ ခုနှစ်တွင် တာပေါင်းတစ်သောင်း အကျယ်ရှိသော တံခါးလေးရပ်ပါရှိသောမြို့အဖြစ် တည်ထောင်ခဲ့သည်။ ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင်လည်း မြို့ရိုး၊ ပြအိုး၊ ကျုံး၊ စံနန်းတို့ဖြင့် စနစ်တကျတည်ဆောက်ခဲ့သည့် မြို့ဖြစ်သည်။ ယခုအခါတွင် နန်းမြို့အဝင်တံခါး အမှတ်အသား တိုင်လုံးကြီးများဖြင့် ရှေးဟောင်းနန်းမြို့အဖြစ် ဂုဏ်ယူဝင့်ကြွားနေဆဲဖြစ်သည်။

**ရွှေမုဋ္ဌောဘုရား**

သီရိဓမ္မာသောကမင်းကြီး ကောင်းမှုစေတီပေါင်း ၈၄၀၀၀ အပါအဝင်ဖြစ်သော ရွှေမုဋ္ဌောစေတီကိုစဉ့်ကူးမြို့ ဧရာဝတီမြစ်ကမ်းဦးတွင် ကြည်ညိုဖွယ်ဖူးတွေ့နိုင်ပါသည်။ လကို ရာဟု ဖမ်းစဉ် တစ်ညအတွင်း အပြီးတည်ခဲ့ခြင်းဖြစ်ပြီး မူလဉာဏ်တော်အမြင့် ငါးတောင်ရှိသည်ဟု မှတ်သားရသည်။ လကို ရာဟုမှ လွတ်ခြင်းသည် အမှောင်မှ ကင်းလွတ်ခြင်း၊ ကိလေသာ အမှောင်မှကင်းလွတ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကိုရစေရန် ရည်မှန်းတည်ထားခြင်းဖြစ်သဖြင့် အန္တရာယ်မှ ကင်းလွတ်ခြင်း၊ ထင်ပေါ်ကျော်ကြားမှုရှိခြင်း၊ ဆုတောင်းပြည့်ခြင်းစသည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသော ဘုရားတစ်ဆူဖြစ်ပါသည်။ ရွှေရပ်တော်စေတီ၊ ရွှေဂူကြီးစေတီ၊ ရွှေတောင်မည်း စေတီများသည်လည်း စဉ့်ကူးမြို့၏ ထင်ရှားသော ဘုရားပုထိုးစေတီများဖြစ်သည်။ ရွှေမုဋ္ဌောစေတီ ရင်ပြင်တော်ပေါ်မှကြည့်လျှင် စေတီတော်အား ဦးခိုက်ပူဇော်နေသည့် မြစ်မင်းဧရာဝတီနှင့် ရတနာသိမ် မြစ်ကူးတံတားရှုခင်းကို ကြည်နူးဖွယ်ရှုမြင်ရမည်ဖြစ်သည်။

**ရတနာသိမ်တံတား**

၁၆-၄-၂၀၁၀ ပြည့်နှစ်တွင် ဧရာဝတီမြစ်ကူး ရတနာသိမ်တံတားကြီးကို စတင်တည်ဆောက်ခဲ့သည်။ စဉ့်ကူးမြို့မှ တံတားအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် ကားလမ်းမကြီးက ဧရာဝတီမြစ်နှင့် ခူလယ်အင်းတို့ကို ခြားနားသွားစေခဲ့သည်။ ရေဝင်ပေါက် သုံးခုမှသာ မြစ်ရေဝင် ရောက်နိုင်သည့်အတွက် ရေဝင်ရောက်နိုင်မှု အားနည်းသွားကြောင်း တွေ့ရသော်လည်း *စာမျက်နှာ ၁၇ သို့*



စဉ့်ကူးမြို့ အရှေ့ဘက်မြို့အဝင်တံခါး။

*စာမျက်နှာ ၁၆ မှ*

ရတနာသိင်္ခတံတားသို့ သွားရောက်သည့် ကားလမ်းပေါ်မှ ခူလယ်အင်းရေပြင်ကျယ်ကို ရာသီမရွေး သာယာကြည်နူးဖွယ် ရှုမြင်ခံစားနိုင်ပါသည်။ ခူလယ်ကျေးရွာသို့လည်း ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ပြီဖြစ်သည်။ တံတားအရှည် ပေ ၂၄၈၀ ရှိပြီး ၂၄-၇-၂၀၁၃ ရက် တွင် ဖွင့်လှစ်ခဲ့ပါသည်။

**ခူလယ်အင်း**

စဉ့်ကူးမြို့နယ်သည် ဆန်စပါး၊ ကောက်ပဲသီးနှံတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်သော မြို့နယ်ဖြစ်ပြီး စဉ့်ကူးမြို့နယ်အတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ စီမံခန့်ခွဲသည့် အင်းပေါင်း ၃၈ အင်းရှိ၍ ခူလယ်အင်းမှာ ရေချိုငါးထုတ်လုပ်ရေးတွင် ထင်ရှားသည့် အင်းကြီးဖြစ်ပါသည်။ ခူလယ်အင်းသည် စဉ့်ကူးမြို့နယ်၏ မြောက်ဘက်၊ ကျောက်မြောင်းမြို့နှင့် ဆက်သွယ်ထားသော ရတနာသိင်္ခမြစ်ကူး တံတားသို့သွားသော လမ်းဘေး၊ စဉ့်ကူးမြို့မှ တစ်မိုင်ခန့်အကွာ ခူလယ်ကျေးရွာအနီးတွင် တည်ရှိပါသည်။ မန္တလေးမြို့မှ ၅၆ မိုင် အကွာအဝေးတွင်တည်ရှိပြီး စုစုပေါင်း ခန့်မှန်းဧရိယာ ၃၁၇၈ ဧက ရှိသည်။

ဧရာဝတီမြစ်မှ ရေဝင်ပေါက် သုံးပေါက်၊ ရေထွက်ပေါက်တစ်ပေါက်သာရှိသော တစ်ဖက်ပိတ်အင်းဖြစ်သည်။ ၁၉၀၉-၁၉၁၀ ပြည့်နှစ်တွင် အင်းမြေပုံ၊ အင်းနယ်နိမိတ်များ ရေးဆွဲသတ်မှတ်၍ အင်းအဖြစ် လေလံရောင်းချနိုင်ခဲ့သည်ကို တွေ့ရသည်။ အင်းဧရိယာမှာ ၃၁၇၈ ဧက ခန့်ရှိပြီး ကွင်းအလိုက် မှတ်တမ်းများမှာ အကျယ်အဝန်းအားဖြင့် ကွင်းအမှတ် (၆) ရေရှင်မြောက်တွင် ၂၂၅ ဧက၊ ကွင်းအမှတ် (၇) ပြေင်းတွင် ၁၂၄၇ ဧက၊ ကွင်းအမှတ် (၈) ပြေင်းအင်းတောင်တွင် ၆၆၁ ဧက၊ ကွင်းအမှတ် (၈-က) ပြေင်းအင်းအရှေ့တွင် ၅၆၆ ဧက၊ ကွင်းအမှတ် (၁၈) ခူလယ်တွင် ၄၇၉ ဧက၊ စုစုပေါင်း ခန့်မှန်းဧရိယာ ၃၁၇၈ ဧက ခန့်ရှိသည်။

ခူလယ်အင်းသည် ကုန်းတွင်းပိတ်အင်းဖြစ်ပြီး ယခင်က ဧရာဝတီမြစ်ရေကြီးချိန်တွင် ခူလယ်အင်းကြီးနှင့် ဧရာဝတီမြစ်ကြီးသည် ရေပြင်ရေရိုး တစ်ဆက်တစ်စပ်တည်း ဖြစ်သွားသဖြင့် စဉ့်ကူးမြို့မှ ပဲ့ထောင်လှေဖြင့် ခူလယ်အင်းရှိ ကျေးရွာများသို့ ခရီးဆက်ကြရပါသည်။ ခူလယ်ကျေးရွာရှိ အိမ်များမှာ မြစ်ရေတိုးချိန်တွင် ရေလွတ်နိုင်ရန်အတွက် ခြေတံရှည်အိမ်များကို တည်ဆောက်ကြရသည်။ မိုးရာသီ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် အင်းဧရိယာတစ်ခုလုံး ရေပြည့်လျက်ရှိပြီး ဧရာဝတီမြစ်ရေကျချိန် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ခူလယ်အင်းအမြင့်ပိုင်းများ၌ မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ကြသည်။ အင်းအတွင်း ရေလျော့ချိန် ဖေဖော်ဝါရီလတွင် မုရင်းစပါးများ စတင်စိုက်ပျိုးလေ့ရှိသည်။ ခူလယ်အင်းတွင် ငါးနေငါးထိုင် ငါးဖမ်းကွက်နှစ်ကွက်ရှိပြီး ဧပြီလတွင် ခူလယ်အင်း ငါးဖမ်းကွက် ရေပြင်ဧရိယာခန့်မှန်း ဧက ၁၅၀၊ ရေအနက်ဆုံးနေရာ ခုနစ်ပေမှ ရှစ်ပေနှင့် အင်းကဲအင်း ငါးဖမ်းကွက်ရေပြင်ဧရိယာ ခန့်မှန်း ဧက ၂၀၀၊ ရေအနက်ဆုံးနေရာ ငါးပေခန့်ရှိပြီး တစ်နှစ်ပတ်လုံးရေရှိနေသော အင်းဖြစ်ပါသည်။ ခူလယ်အင်းအတွင်း ရေလုပ်ငန်းလုပ်ကိုင်သော ကျေးရွာများမှာ ခူလယ်ရွာ၊ ညောင်ပင်ကုန်း၊ သာယာကုန်း၊ လက်ဆည်ဦး၊ ရေရှင်၊ ဝက်တိုး၊ မကျီးပင်ပု၊ ဥသျှစ်ကုန်း ကျေးရွာတို့ဖြစ်သည်။ ခူလယ်နှင့် သာယာကုန်းကျေးရွာများမှ ရေလုပ်သားအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ခူလယ်အင်းသည် ငါးထုတ်လုပ်မှုသာမက စပါးနှင့် ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရာ အင်းကြီးဖြစ်ပြီး လူ/ အပင်/ တိရစ္ဆာန်နှင့် ရေမြေသဘာဝ အပြန်အလှန်အမှီသဟဲပြုရာ ဂေဟဗေဒစနစ်ကောင်းတစ်ခုဖြစ်သည့်အပြင် ရေချိုအရင်းအမြစ် တစ်ခုလည်း ဖြစ်ပါသည်။




သုတေသနအင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ခူလယ်အင်း ဂရန်ကိုင်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ခူလယ်အင်းအတွင်း တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ အင်းငါးအထွက်တိုးတက်စေရေး၊ အင်းတိမ်ကောပျက်စီးခြင်းကို ကာကွယ်ရေး၊ ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ နည်းပညာများကို စနစ်တကျသုတေသနပြုမှတ်တမ်းရယူရေး၊ နည်းပညာသတင်းအချက်အလက်များကို ဘဝတူရေလုပ်သားကြီးများသို့ ဖြန့်ဝေရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်

**ရွှေကိုလို၍ အင်းရေလိုသည်**


အင်းရေပြင်မှလှမ်းမျှော်ကြည့်လျှင် ခူလယ်အင်းမြောက်ဘက်တွင် ရွှေတူးဖော်ရေး လုပ်ငန်းများရှိရာ မင်းပန်းတောင်နှင့်ထီးကျင်တောင်တို့ကို လှမ်းမြင်ရသည်။ ရွှေတူးဖော်ရေး ဆောင်ရွက်ခဲ့သည့်အတွက် တောင်များကို မုန့်လိုးသကဲ့သို့ တိတိပပလှီးဖြတ်ထားသည့်မြင်ကွင်းများကို တွေ့မြင်နေရသည်။

ရွှေလုပ်ငန်းရှင်များက ရွှေတူးဖော်ရေးလုပ်ငန်းအတွက် အင်းအတွင်းမှရေကို ရယူသုံးစွဲလိုသည့်အတွက် အင်းလေလံကို ဈေးပြိုင်ဝယ်ယူခဲ့ကြသဖြင့် မူလအင်းဈေးနှုန်းထက် များစွာမိုပိုသွားသည်ကိုလည်း တွေ့ရသည်။ အင်းဈေးနှုန်းများမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ အထိ ကျပ် ၂၄ ဒသမ ၂ သိန်းမှ ၄၃ ဒသမ ၉၂၃ သိန်းသာ ဖြစ်ပြီး အင်းအနီးရှိ ရွှေတူးဖော်ရေးလုပ်ငန်းမှ ရေရယူသုံးစွဲရန် ဈေးပြိုင်ပေး၍ လေလံဆွဲဝယ်ကြသဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၁၇ သိန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၄၀၈ ဒသမ ၁ သိန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် သိန်း ၄၇၀၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၅၁၇ သိန်း၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ၅၆၈ ဒသမ ၇ သိန်းသို့ ထိုးတက်သွားခဲ့သည်ကို တွေ့ရသည်။ အင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရန်အတွက် လေလံရရှိသူထံမှ ဝယ်ယူကာ အင်းလုပ်ငန်းဆောင်ရွက်ရသဖြင့် ရေလုပ်သားများအနေဖြင့် ငါးလုပ်ငန်းတွင် အရှုံးပေါ်ခဲ့ကြရသည်။ ရွှေတူးဖော်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားပြီးနောက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျပ် ၇၅ ဒသမ ၇ သိန်းနှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကျပ် ၂၅ ဒသမ ၅ သိန်းသို့ အင်းလေလံဈေး ထိုးဆင်းသွားကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ခူလယ်အင်းအတွင်း ဖမ်းဆီးရမိသော ငါးများမှာ ငါးဖယ်အောင်း၊ ငါးနက်ပြာ၊ ရင်ဘောင်စာ၊ ငါးမြင်း၊ ငါးအုံတုံ၊ ငါးလူး၊ ငါးလဲ၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးပတ်၊ ငါးခူ၊ ငါးငိုက်၊ ငါးနုသန်း၊ ငါးခုံးမ၊ ငါးကျောင်း၊ ငါးဖမ်းမ၊ ငါးဘဲဖြူ၊ ငါးစင်စပ်၊ ငါးပြက်၊ ငါးရံ့၊ ငါးမွေနီ၊ ပုစွန်ဆိတ်တို့ဖြစ်ပြီး တိုင်းရင်းငါးမျိုးစိတ်များ စုံစုံလင်လင်တွေ့ရှိနိုင်သော အင်းကောင်းတစ်ခုဖြစ်ပါသည်။ ခူလယ်နှင့် သာယာကုန်းကျေးရွာများမှ ရေလုပ်သား အများဆုံးဖြစ်ကြောင်းတွေ့ရပြီး မြင်းဝန်းဆည်ဖြင့် ဖမ်းဆီးရသောအင်းဖြစ်သည်။

**ငါးဖမ်းကိရိယာများ**

တစ်နှစ်ပတ်လုံးရေတည်ရှိသော အင်းဖြစ်သဖြင့် အဓိကမြင်းဝန်းဆည်တစ်လုံး၊ အကာယ်ဆည်တစ်လုံး၊ ယင်းတန်းသုံးခု၊ ဆင်ခြေတိုင်မျှား ၁၊ ကပ်ပါးမျှား ၂၊ တုတ် ၄၊ ပုစွန်မျှား ၁၅၀၀၊ တန်းပိုက် ၂၀၀၀၊ ကွန် ၁၀၊ မြားတန်း ၁၀၊ မှော်ချယင်းကာ ၆ တို့ဖြစ်သည်။ အင်းသူကြီးမှာ မှော်ချယင်းကာ ခြောက်ခုနှင့် မြင်းဝန်းဆည်၊ အကာယ်ဆည်ကို ဦးစားပေးလုပ်ကိုင်သည်ကိုတွေ့ရပြီး ရေလုပ်သားများကို သင့်တင့်သော အခကြေးငွေဖြင့် ငါးဖမ်းကိရိယာများကို လုပ်ကိုင်ခွင့်ပြုထားသည်။ ရေလုပ်သား ၈၉ ဦး ဝန်းကျင်လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။



ခူလယ်အင်းနှင့် မြင်းဝန်းဆည်။

**အင်းလုပ်ငန်းဆိုင်ရာ ယုံကြည်ကိုးကွယ်မှု**

ခူလယ်အင်းကျေးရွာများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး မင်းပန်းတောင်စေတီ ဗုဒ္ဓရုပ်ပွားတော်ကို ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ကြသည်။ မြန်မာနိုင်ငံအင်းလုပ်ငန်းများတွင် တွေ့လေ့ရှိသည့် ရိုးရာနတ်ယုံကြည်ပသမှုများရှိသည်ကိုလည်း ခူလယ်အင်းတွင် တွေ့ရသည်။ ခူလယ်အင်းတွင် အစွန်းကိုးစွန်းနှင့် ချောင်ကိုးချောင်ရှိပြီး ချောင်ကိုးချောင်တွင် အင်းလုပ်ငန်းအတွက် ပသရသောနတ်ကိုးပါးရှိကြောင်း သိရသည်။ အစွန်းကိုးစွန်းမှာ- သံလျက်စွန်း၊ ထိန်ပင်စွန်း၊ ကျွန်းလယ်ကြီးစွန်း၊ ငရဲအိုးချောင်စွန်း၊ ကုလားမဲစွန်း၊ မင်းလဲတစ်ကန်စွန်း၊ ဥသျှစ်ကုန်းစွန်း၊ သမုံဒရာစွန်း၊ မကျည်းပင်စွန်းတို့ ဖြစ်သည်။ နတ်ကိုးပါးမှာ - ဥသျှစ်ပင်မောင်နှမနတ်၊ ပိုးမဲသာအရှင်မ၊ သမုံဒရာအရှင်ကြီး၊ မင်းတလဲကန် အရှင်ကြီး၊ မြွေကြီးချောင်အရှင်ကြီး၊ ရွာတော်ရှင် မြင်းဖြူရှင်ဘိုးတော်၊ နတ်တောင်လေးအရှင်ကြီး၊ ကုလားရေထွက်အရှင်ကြီးနှင့် ဘိုးတုန်းတာနတ်တို့ ဖြစ်ကြသည်။

**ရေသယံဇာတများ လျော့နည်းကျဆင်းခြင်း**

၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနသည် နော်ဝေနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ရန်ပုံငွေထောက်ပံ့သည့် EAF-Nansen Program အစီအစဉ်အရ သုတေသနရေယာဉ် RV Dr Fridtjof Nansen ဖြင့် မြန်မာ့ငါးသယံဇာတ အခြေအနေတိုင်းတာမှုကို ဆောင်ရွက်ခဲ့ရာ ရေပေါ်လွှာနေ ငါးထုထည် ပမာဏခန့်မှန်းတွက်ချက်မှုမှာ တန်ချိန်တစ်သန်းခန့် ဖြစ်ပါသည်။ သို့ရာတွင် ၂၀၁၃-၂၀၁၅-၂၀၁၈ ခုနှစ်များ၏ ပျမ်းမျှ ရေပေါ်လွှာနေငါးထုထည်ပမာဏမှာ တန်ချိန် ၁ ဒသမ ၆ သိန်းမျှသာ တည်ရှိပါသည်။ လက်ရှိ ရေပေါ်လွှာငါးထုထည် ပမာဏမှာ ၁၉၇၉-၁၉၈၀ ပြည့်နှစ်ထက် ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းလာပါသည်။ အလားတူ ရေအောက်ငါးမှာလည်း တန်ချိန် ၇ ဒသမ ၅ သိန်းမှ ၃ ဒသမ ၁ သိန်းမျှသာ တည်ရှိသည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းလာပါသည်။ အလားတူ ရေချိုပိုင်းတွင်လည်း ၁၉၀၀ ပြည့်နှစ်လွန်ကာလက အင်းပေါင်း ၄၀၀၆ အင်းရှိခဲ့ရာမှ လက်ရှိကာလတွင် ၃၇၃၀ သို့ လျော့ကျသွားပါသည်။ ထို့ပြင် မြစ်ချောင်းများ တိမ်ကောခြင်း၊ နုန်းသဲအနည်အနှစ်များ ပို့ချခြင်းများအပြင်

*စာမျက်နှာ ၁၈ သို့*

# မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံထိန်းသိမ်းဆောင်ရွက်ရန် ရန်ပုံငွေအတွက် သီတဂူဆရာတော်က အလှူတော်ငွေကျပ် သိန်း ၅၀၀ လှူဒါန်း

**မြိတ် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူ ဇီဝိတဒါန,စက္ခုဒါန ဆေးရုံ ထိန်းသိမ်းဆောင်ရွက်ရေး ရန်ပုံငွေအတွက် သီတဂူဆရာတော်မှ အလှူတော်ငွေကျပ်သိန်း ၅၀၀ ကို ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ လှူဒါန်းသည်။

အဆိုပါဆေးရုံ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယ သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ ကိုယ်စား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အလှူတော်ငွေကျပ်သိန်း ၅၀၀ ပေးအပ်ရာ ဆေးရုံတော်စီမံစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက လက်ခံရယူသည်။ (ယာပုံ)

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ က မြိတ်မြို့ရှိ ဆရာတော်များနှင့် ဆေးရုံစီမံစောင့်ရှောက်ရေးအဖွဲ့အား ဆေးရုံအလုပ် အမှုဆောင်ကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်ကြရန် မိန့်ကြားသည်။ မြိတ်မြို့ သီတဂူ ဇီဝိတဒါန, စက္ခုဒါနဆေးရုံကို ယမန်နေ့က ဖွင့်လှစ်ခဲ့ပြီး ဆေးရုံအတွင်း ရဟန်း၊ ရှင်၊ လူ ပြည်သူများ အား အထူးကုဆရာဝန်ကြီးများက မျက်စိရောဂါ ဝေဒနာများကို အခမဲ့စမ်းသပ်ခွဲစိတ် ဆောင်ရွက် ပေးလျက်ရှိသည်။

မြိတ်မြို့ သီတဂူ ဇီဝိတဒါန,စက္ခုဒါနဆေးရုံကို သီတဂူဆရာတော် ဦးဆောင်မှုဖြင့် (၇)ရက်သားသမီး အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၄၅၀၀ ကျော်နှင့် ဆေးရုံအတွင်း တပ်ဆင်အသုံးပြုရန် သီတဂူဆရာတော်ကြီး လှူဒါန်းသည့် စက်ပစ္စည်း တန်ဖိုး အမေရိကန်ဒေါ်လာ တစ်သိန်းခွဲတို့ဖြင့် တပ်ဆင်တည်ဆောက်ထားခြင်းဖြစ်ပြီး ဆေးရုံ ထိန်းသိမ်းဆောင်ရွက်ရန် ရန်ပုံငွေအတွက် သီတဂူ ဆရာတော်က အလှူတော်ငွေ ထပ်မံလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

---

# နိုင်ငံတကာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းပြပွဲတွင် ပညာပေးဟောပြောပွဲများပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

နိုင်ငံတကာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းပြပွဲကို နိုဝင်ဘာလ ၁၈ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ရန်ကုန်မြို့ အင်းလျားလိတ် ဟိုတယ်ဝင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်လျက် ရှိသည်။

ပြပွဲတွင် မွေးမြူရေး၊ စိုက်ပျိုးရေး ပညာပေးဟောပြောပွဲများနှင့် ဈေးကွက်နှင့် ငွေကြေးစီမံခန့်ခွဲခြင်းဆိုင်ရာ ဟောပြောပွဲများကို ထည့်သွင်း ဟောပြောသွားသည်။

နိုဝင်ဘာ ၁၉ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဒေါက်တာ တင့်ဆွေ (B.V.S)က ဇီဝဗိုးငှက် မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်ခြင်းဆိုင်ရာ ခေတ်မီနည်းပညာများအကြောင်းကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲ တွင် ပညာရှင်များက မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်မှုတည်တံ့ ခိုင်မြဲမှုကိုလည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

---

*စာမျက်နှာ ၁၇ မှ*

လူတို့၏ပယောဂများဖြစ်သည့် သဘာဝရေပြင်များ အတွင်းသို့ လူနေအိမ်များချဲ့ထွင်ခြင်း၊ မြို့သစ်စီမံကိန်းများ၊ လမ်းတံတားနှင့် စက်မှုလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ခြင်းတို့ကြောင့် ရေစီးရေလာပြောင်းလဲမှုများ၊ ရေအရည်အသွေး ကျဆင်းပြောင်းလဲမှုများကိုဖြစ်စေပြီး သဘာဝ ရေပြင်များ၊ ငါးနေငါးထိုင်တောများ လျော့နည်း ကျဆင်းလျက်ရှိနေကြောင်း တွေ့နေရပါသည်။

မြန်မာ့မြစ်ချောင်း၊ အင်းအိုင်များရှိ ရေချိုငါး မျိုးစိတ်အရေအတွက်နှင့်ပတ်သက်၍ ငါးလုပ်ငန်း ဦးစီးဌာနမှ ၁၉၈၆-၁၉၈၇ ခုနှစ်က ထုတ်ဝေခဲ့သော(Check–List of fisheries of Burma 1986–1987) စာအုပ်တွင် ရေချို၊ ရေငန် ငါးမျိုးစိတ်ပေါင်း ၆၉၃ မျိုးရှိကြောင်း သိရသည်။ www.fishbase.org Website တွင် ရေချိုငါးမျိုးစိတ်ပေါင်း ၄၄၉ မျိုးရှိသည်ဟု ဖော်ပြထားကြောင်းနှင့် မြန်မာနိုင်ငံတွင် ရေချိုငါးမျိုးစိတ် ၅၃၆ မျိုးခန့်ရှိနိုင်ပြီး ၎င်းတို့အထဲမှ တိုင်းရင်းငါးမျိုးစိတ်စစ်စစ် ၅၈ မျိုး အနက် ၄၉ မျိုးသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ငါးလုပ်ငန်းဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုမဂ္ဂဇင်းတွင် ဆောင်းပါးရှင် ညီညီထွန်းက ဖော်ပြထားသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ရေနေသတ္တဝါ မျိုးစိတ် အရေအတွက်သည် ၈၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

**သုတေသနအင်းများ ဆောင်ရွက်ခြင်း**

သို့ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ် များအတွင်း တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ ဂရန်အင်းများ တိမ်ကောပပျောက်မှုမှ ကာကွယ်နိုင်ရေးနှင့် Sustainable Development (စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့်)၊ ငါးအထွက်နှုန်း တိုးတက်စေရေးအတွက် ဂရန်အင်းများတွင် ငါးလုပ်ငန်းဆိုင်ရာသတင်းအချက်များ စနစ်တကျ သုတေသနပြုလုပ် မှတ်တမ်း ရယူနိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ဂရန်အင်းတစ်အင်းစီ ရွေးချယ်၍ ဂရန်အင်း ၁၁ အင်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ သုတေသနအင်းများအဖြစ် သတ်မှတ်ပြီး အင်းသားကြီးများနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းကို ၁၅-၃-၂၀၂၂ တွင် ကျရောက်သည့် ငါးလုပ်ငန်းဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုအမှတ်တရမဂ္ဂဇင်းတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးအုန်းမြင့်က သူ၏ ဂုဏ်ပြုအမှာစကားတွင် ဖော်ပြထားပါသည်။

သုတေသနအင်းများအဖြစ် ရွေးချယ်သတ်မှတ်ခြင်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ခွင့်ပြုချက်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခွင့်ပြုချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ခူလယ်အင်းကို သုတေသနအင်းအဖြစ် ရွေးချယ်၍ (၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၄-၂၀၂၅) ခုနှစ်အထိ သုံးနှစ်ကို သုတေသနအင်းလုပ်ငန်း စီမံချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

ဤတွင် သုတေသနအင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကို အနည်းငယ် ကောက်နုတ်ရှင်းလင်းတင်ပြရန် လိုအပ်မည် ဖြစ်ပါသည်။

သုတေသနအင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ခူလယ်အင်း ဂရန်ကိုင်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။ ခူလယ်အင်းအတွင်း တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ အင်းငါးအထွက် တိုးတက်စေရေး၊ အင်းတိမ်ကောပျက်စီးခြင်းကို ကာကွယ်ရေး၊ ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ နည်းပညာများကို စနစ်တကျ သုတေသနပြု မှတ်တမ်းရယူရေး၊ နည်းပညာသတင်းအချက်အလက်များကို ဘဝတူရေလုပ်သားကြီးများသို့ ဖြန့်ဝေရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရင်းဇယားများ ကောက်ယူမှတ်တမ်းတင်ခြင်းတို့တွင် အောက်ပါလုပ်ငန်းစဉ်များ အဓိကပါဝင်ကြောင်း တွေ့ရသည်။

(က) အင်းအတွင်းရှိ ဂေဟစနစ်နှင့် ငါးနေငါးထိုင်တော (Habitats) များကို လေ့လာမှတ်တမ်းတင်ခြင်း (ဤလုပ်ငန်းစဉ်သည် လူ/ အပင်/ တိရစ္ဆာန်နှင့် ရေမြေသဘာဝ အပြန်အလှန်အမှီသဟဲပြုရာ ဂေဟဗေဒစနစ်ကောင်း တစ်ခု၏ အချက်အလက်များကို မှတ်တမ်းတင်ထားရှိနိုင်မည် ဖြစ်သည့် အပြင် ငါးများနေထိုင်ကျက်စား ကြီးပြင်းရာ ငါးစားကျက်များ၊ နေထိုင်မှုဓလေ့များကို မှတ်တမ်းတင်၍ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။)

(ခ) ငါးရွှေ့ပြောင်းသွားလာရာလမ်းကြောင်း (Migratory Route) နှင့် အချိန်တို့ကို လေ့လာခြင်း။ (ဤလုပ်ငန်းစဉ်သည် ငါးများရွှေ့ပြောင်းသွားလာရာလမ်းကြောင်းနှင့် အချိန်တို့ကိုသိရှိ၍ အချိန်ကာလကို လိုက်၍ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။)

(ဂ) ငါးပေါက်ပွားသည့်နေရာ (Spawning Ground) နှင့် အချိန်တို့ကိုလေ့လာခြင်း။ (ဤလုပ်ငန်းစဉ်သည် ငါးများမိတ်လိုက် ဥချသားပေါက်သည့် နေရာနှင့် ရာသီအချိန်များကို သိရှိ၍ အဆိုပါနေရာများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ငါးရစ်ငါးသန်ကာလ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။)

(ဃ) ရေအရည်အသွေးနှင့် ထုထည်တိုင်းတာခြင်း(အပူချိန် ၊ ရေအနက်၊ ရေထုထည်၊ ရေကြည်နှုန်း၊ pH ရေချဉ်ဖန်နှုန်း၊ DO အောက်ဆီဂျင်ပျော်ဝင်မှု)။ (ဤလုပ်ငန်းစဉ်သည် အင်း၏လက်ရှိ ရေအရည်အသွေးနှင့် အင်း၏အခြေအနေအရပ်ရပ်ကို သိရှိမှတ်တမ်းတင်နိုင်မည်ဖြစ်သည့်အပြင် ငါးများ၏ ရှင်နှုန်း၊ ကြီးထွားနှုန်းကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။)

(င) အင်းအတွင်းတည်ရှိသည့် ငါးမျိုးစိတ်ခွဲခြားခြင်း၊ အရွယ်အစား၊ အလေးချိန်၊ မျိုးပွားအင်္ဂါရင့်ကျက်မှု (Maturity) နှင့် မျိုးပွားအင်္ဂါရင့်မှည့်မှု (Genital papilla) ကို မှတ်တမ်းတင်ခြင်း၊ (ဤလုပ်ငန်းစဉ်သည် အင်းအတွင်းရှိသည့် ငါးမျိုးစိတ်များကို မှတ်တမ်းတင်ထားရှိ၍ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပြီး ရရှိသော သတင်းအချက်အလက်များက ငါးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။)

(စ) မျိုးထိန်းသိမ်းဆောင်ရွက်မည့် တိုင်းရင်းငါးမျိုးအမည်၊ အရွယ်အစား၊ အလေးချိန်၊ မျိုးပွားအင်္ဂါ ရင့်ကျက်မှုနှင့် မျိုးပွားအင်္ဂါရင့်မှည့်မှုများကို မှတ်တမ်းတင်ခြင်း၊ (ဤလုပ်ငန်းစဉ်သည် အင်းတွင်းရှိ တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမည့်အန္တရာယ်များကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပြီး ရရှိသော သတင်းအချက်အလက်များက ငါးလုပ်ငန်းစခန်းများတွင် တိုင်းရင်းငါးမျိုးစိတ်များအတွက် ဆေးထိုးသားဖောက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဖြန့်ဖြူးနိုင်ရေးနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။)

(ဆ) မွေးမြူထားသည့် ငါးမျိုးစိတ်အမည်၊ အရွယ်အစား၊ အလေးချိန်၊ မျိုးပွားအင်္ဂါရင့်ကျက်မှုနှင့် မျိုးပွားအင်္ဂါရင့်မှည်မှုများကို မှတ်တမ်းတင်ခြင်း၊ (ဤလုပ်ငန်းစဉ်သည် အင်းအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူသည့်စနစ် ( Culture base Capture system) ဆောင်ရွက်ရာတွင် အင်းငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် သင့်လျော်သော ငါးမျိုးစိတ်များ ရွေးချယ်ထည့်သွင်း မွေးမြူရေးကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။)

သုတေသနအင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ ဂရန်အင်းများ တိမ်ကောပပျောက်မှုမှ ကာကွယ်နိုင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးအထွက်နှုန်း တိုးတက်စေရေးအတွက် ဂရန်အင်းများတွင် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျသုတေသနပြု မှတ်တမ်းများ ရယူခြင်းဖြစ်ပါသည်။ **"လက်ရှိပြည်သူများအတွက် ငါးရိက္ခာဖူလုံစေရုံသာမက ငါးသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် ဖူလုံစွာရရှိစေရန်"** ဟူသော ငါးလုပ်ငန်းဦးစီးဌာန၏ မျှော်မှန်းချက်နှင့်အညီ ရည်ရွယ်ချက်များ လုပ်ငန်းစဉ်များ အောင်မြင်စေရန် အင်းအိုင်များကို ကြီးကြပ်စီမံအုပ်ချုပ်ရန် တာဝန်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူ များနှင့် ရေသယံဇာတများကို ထုတ်ယူသုံးစွဲကြသည့် ရေလုပ်သားကြီးများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၁-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုဂ်သုတ်၊အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၉:၃၅** "ခေတ်အလိုက်ကြေးမုံပြင်"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၅** ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ပုလုံကြွယ်ဝသားငါးကဏ္ဍ (ခံတွင်းမြိန်စရာဟင်းလျာ မင်းလှနီးစံပြကျေးရွာရဲ့ပုစွန်ချဉ်အရသာ)
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၂၅)
**၁၃:၃၀** MRTV National News
**၁၄:၂၀** Weekly MNL Review
**၁၄:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၃၄)
**၁၆:၃၅** ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား
**၁၇:၁၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၀** ရသစုံစွာကျဲ့မြေကမ္ဘာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ...သီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ '**အတိုးမပေးတဲ့...နှီးလေး**' အပိုင်း(၁၃) (စိုးသီဟ၊ နေဆန်း၊ ယုသန္တာတင်၊ မေသန်းနု၊ ပန်းပန်၊ လှမျိုးသဇ္ဇာနွယ်) (ဒါရိုက်တာ-မျိုးထူး)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "ဥဂ္ဂသေနဇာတ်တော်"
**၂၂:၀၅** ဟိုတုန်းက...ရေဒီယိုအသံလွှင့်ဇာတ်လမ်း "**အငဲ**" နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုဂ်သုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်

**mitv**

**07:01** Am Evergreen Classic: Myat Hsu Mon
**07:05** Weekly Review
**07:20** Tray Art Products
**07:32** Listening Pleasure, Instrumental Music (Horn Violin) Aung
**07:40** ASEAN Information Exchange Initiative: Bike Tour in Myanmar
**07:46** Myanmar Family Life: Away from hurt feelings
**08:01** News
**08:27** Discovering Tribes "Rvwang" Their Life and Customs (Part-1)
**08:54** Quiz Time
**10:01** News
**10:27** Products of Myanmar - Shin Ma Taung Thanakhar
**10:43** Kyauk Gu Umin Cave Gu Pha Ya

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၇:၀၀ မှ ၈:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း

**'ဝ' (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရဲသောင်ချောင်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၃:၄၅** ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား(အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**တံစိုးလက်ဆောင်ရယူခြင်း**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ဂျာမနီနိုင်ငံ
**၁၁:၃၀** အတွေးအမြင်(အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** '**ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်**'
**၀၇:၁၀** မြန်မာ့ပေါ်ဆန်းဆန်ရယ်လို့ကမ္ဘာ့အလယ်မှာ တင့်တယ်ကာဝင့်ကြွားနိုင်စေဖို့
**၀၇:၄၀** မြက်စားငါးကြင်းမွေးမြူသားဖောက်ခြင်း လုပ်ငန်း
**၀၈:၀၀** **ငဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး**
**၀၈:၁၅** ပိုးစာစိုက်ပျိုးဝင်ငွေတိုး
**၀၉:၁၅** ရေပေါ်မှသဘာဝသီးနှံ
**၀၉:၄၀** မှိုမွေးမြူစိုက်ပျိုးမိသားစုဝင်ငွေတိုး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား၊ Soccer View/Weekly Sports Info/Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သုတိအကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(ယာပုံ)**

**၁၉ -၁၁ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၇) တွင်** မိမိ၏ အတ္တနှင့် ပေါ့ဆမှုကြောင့် စာမေးပွဲတွင် ဒုတိယဆုသာ ရရှိခဲ့သော ပုပု အကြောင်းကို ကလေးများ အတုယူရှောင်ရှားနိုင်စေရန် တင်ဆက်ထားသည့် "ပုပုပါဝင်သည့် နောင်ဆိုသတိထားရမယ်" မျက်နှာဖုံးကာတွန်း၊ မြန်မာပြက္ခဒိန်၏ နတ်တော်လဆန်း ၁ ရက်တွင် ကျင်းပလေ့ရှိသော စာဆိုတော်နေ့ အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "စာသဘင်ပွဲဆင်နွဲရှင်ပျော် လနတ်တော်" သုတဆောင်းပါးကဏ္ဍ၊ စိမ်းလဲ့နှင့် ပါဂွဲတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး တွက်ကတ်နေ၍ ဟင်းအိုးတူး သွားရသည်ကို တင်ဆက်ထားသည့် "တွက်ကတ်ကြလို့" နှစ်မျက်နှာကာတွန်း၊ မည်သည့် ပညာရပ်မဆို ငယ်ရွယ်စဉ်၌ ကျွမ်းကျင်မှုရှိစေရန် သင်ယူထားသင့်ကြောင်း သိရှိနိုင်စေရန် ရေကူးပညာသင်ယူမထား၍ ရေနစ်ခဲ့ရသည့် ချောစုအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "လေ့လာမှပေါ့" ဝတ္ထုကဏ္ဍ၊ လူထုအကြား ပြန့်ပွားနေဆဲဖြစ်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် လိုက်နာရမည့်အချက် အချို့ကို တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ကောက်ကျစ်သော မြေခွေးကို ပေါင်းသင်းမိ၍ အသက်ဆုံးရှုံးသွားရသော ကျားလေး အကြောင်းကို တင်ဆက်ထားသည့် "အပေါင်းအသင်း မှားလျှင်" ပုံပြင်ကဏ္ဍ၊ ကလေးတို့ ပေးပို့သော ကာတွန်းများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ လူနှင့်အခြားသတ္တဝါများ အရိပ်နားခိုနိုင်ရန်နှင့် စားသောက်နိုင်စေရန် သီးပင်စားပင်များ စိုက်ပျိုးလှူဒါန်းမှုကြောင့် အသက်ရှည် ကျန်းမာခဲ့ရသော မြေပိုင်ရှင် သူဌေးတစ်ဦးအကြောင်းကို တင်ဆက်ထားသည့် "မနေရတဲ့ အခါ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများကို ဒုက္ခရောက်မည့်အခြေအနေမှကယ်တင်ခဲ့သောကိုစည်၏သူငယ်ချင်းကောင်းပီသမှုကို ဖော်ကျူးရေးဖွဲ့ထားသည့် "သူငယ်ချင်းကောင်း" နှစ်မျက်နှာကာတွန်း၊ စာပေပညာရှင်များ၏ ဂုဏ်ကျေးဇူးနှင့် ပူဇော်ကန်တော့ပွဲ အကြောင်းကို ရေးဖွဲ့ထားသည့် "ဦးခိုက်ပူဇော်စာဆိုတော်" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၇၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၇၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၁ . ၁၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၅ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၀၀၀ | ၁၀၁၀ | ၉၁၇၉၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၇၄၄ | ၂၄၆၀၉၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၉ | ၁၄၈၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၆၉ | ၅၀၄၉၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၀၁ | ၅၅၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်နေ ကျော်စွာဝင်းသည် ၎င်းအသုံးပြုသည့် "Kyaw Swar Win" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ ဝင်းညွန့်သည် ၎င်းအသုံးပြုသည့် "U Win Nyunt (မေတ္တာစမ်းရေ)" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ် မိကရင်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ငါးဦးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လာရောက်ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မိကရင်ကျေးရွာနေ အပြစ်မဲ့ ပြည်သူများကို နိုဝင်ဘာ ၁၇ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသား နှစ်ဦးတို့ သေဆုံးခဲ့ပြီး အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။





**အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်**

ဖြစ်စဉ်မှာ မိကရင်ကျေးရွာနေ ဒေါ်စန်းအေး၊ (၈)နှစ်အရွယ် သမီးဖြစ်သူ မခိုင်စံပယ်ခင်၊ (၁၀)နှစ်အရွယ်သမီးဖြစ်သူ မပြည့်ပြည့်ဖြိုး၊ သားဖြစ်သူ မောင်စောအောင်မြင့်ထွန်းနှင့် နေအိမ်သို့ အလည်အပတ်ရောက်ရှိနေသူ စောအောင်ကျော်မြင့်တို့သည် နေအိမ်၌ ရှိနေစဉ် ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ဖျံတောင်ဘက်မှ မော်တော်ယာဉ် နှစ်စီးဖြင့် ရောက်ရှိလာပြီး အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ကာ လာရာလမ်းအတိုင်း ပြန်လည် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မခိုင်စံပယ်ခင်၊ မောင်စောအောင်မြင့်ထွန်းနှင့် စောအောင်ကျော်မြင့်တို့မှာ အခင်းဖြစ်ပွားရာနေရာ၌ပင် ထိမှန်ဒဏ်ရာများဖြင့်သေဆုံးခဲ့ပြီး ဒေါ်စန်းအေးနှင့် မပြည့်ပြည့်ဖြိုးတို့မှာ ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း **(အပေါ် ဝဲပုံ)** သိရှိရသည်။

**ဖမ်းဆီးရမိရေး ဆောင်ရွက်**

ဖြစ်စဉ်တွင် သေဆုံးခဲ့သူများကို ဘားအံမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်များ၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြစ်ကြီးနားမြို့၊ မြဝတီမြို့၊ မော်ဘီမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် စည်ပင်သာယာလမ်းတွင် ဇော်အောင် (ခ) အောင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မလဖိုင်ဂျာအောင် မောင်းနှင်လာသည့် X-TRAIL အမျိုးအစား မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို ကိုလည်းကောင်း၊ **(အောက်ပုံ)** ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ဇမ္ဗူရာဇ်ရွှေလမ်းရှိ သက်နိုင်ဦး(ခ) ဘယ်ကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရန်လင်းလင်း(ခ)ရန်ကုန်၊ မမိချို တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။



အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာအနီးတွင် လှမွေးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာအနီး မိုးမိတ်-မန်တုံသွားကားလမ်းတွင် နောနော်(ခ) အားတီ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့ မော်လိုက်ကလေးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၂၇ ဦး လွှတ်ပေး

**ကလေး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ မော်လိုက်ကလေး အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့်အကျဉ်းသား ၂၇ ဦး လွှတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါ အကျဉ်းဦးစီးဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ယာယီရဲမှူးကြီးကြည်ဝင်းတို့က လွှတ်မြောက်လာသော အကျဉ်းသားများအား ဆုံးမသြဝါဒစကားပြောကြားသည်။

ထို့နောက် မော်လိုက်ကလေးအကျဉ်းထောင် တာဝန်ခံက လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအား ထောင်ထွက်လက်မှတ်နှင့် စားစရိတ်/ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

**ကလေး(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**




အိမ်ရှင်ကာတာနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားမည့် Al Bayt Stadium (Al-Khor) ကွင်း

တနင်္ဂနွေနေ့ | နိုဝင်ဘာ ၂၀ ရက် | ည ၁၀:၃၀

ကာတာ — အုပ်စုအဆင့်၊ အုပ်စု (အေ) ပွဲစဉ် (၁) — အီကွေဒေါ

**ကမ္ဘာ့ဖလား အုပ်စု (က)**

၁။ ကာတာ
၂။ အီကွေဒေါ
၃။ ဆီနီဂေါ
၄။ နယ်သာလန်

# ကမ္ဘာ့ဖလားအဖွင့်မျက်နှာပန်းလှဖို့ အီကွေဒေါကိုကျော်ဖြတ်ရမယ့် ကာတာ

၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ ဒီဇင်ဘာ ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်ကို အိမ်ရှင်ကာတာက အီကွေဒေါအသင်းနဲ့ စတင်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး အုပ်စု (အေ) မှာ အီကွေဒေါ၊ ဆီနီဂေါ၊ နယ်သာလန်အသင်းတို့နှင့်အတူ ကျရောက်နေတာ ဖြစ်ပါတယ်။

## ■ ကာတာအသင်းအခြေအနေ

ယခုပွဲစဉ်မတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာ နိုင်ပွဲ ငါးပွဲနဲ့ သရေတစ်ပွဲကျထားတာကြောင့် ကာတာအသင်းရဲ့ ခြေစွမ်းအကောင်းဘက်မှာ ရှိနေတယ်။ အိမ်ရှင်ပရိသတ်ရှေ့မှောက်မှာ အနိုင်သုံးမှတ်ရရှိဖို့ ကာတာအသင်း ခြေကုန်ထုတ်လာမှာပါ။

ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ အဆင့် ၅၀ နေရာရှိတဲ့ ကာတာအသင်းဟာ ၂၀၁၉ ခုနှစ်မှာ အေအက်ဖ်စီ အာရှဖလားကို ဆွတ်ခူးထားနိုင်တယ်။ ဒါ့အပြင် ၂၀၂၁ ခုနှစ်က ယှဉ်ပြိုင်ကစားထားတဲ့ ကွန်ကာကပ်ဖ်ဖလားပြိုင်ပွဲမှာလည်း ပုံစံကောင်းပြသထားနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အထိ တက်လှမ်းထားနိုင်ခဲ့ပါတယ်။ အဲ့ဒီပြိုင်ပွဲမှာဆိုရင် ကာတာအသင်းဟာ ခံစစ်ပိုင်းကျစ်လျစ်ပြီး တိုက်စစ်ထက်မြက်တာကို တွေ့နိုင်တယ်။ ဆီမီးဖိုင်နယ်မှာ အမေရိကန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် မရှုံးနိမ့်မီအထိ ကစားထားတဲ့ လေးပွဲမှာ ရဂိုးက ၁၂ ဂိုးအထိရှိပြီး ပေးဂိုးက နှစ်ဂိုးသာ ရှိတာကို တွေ့ရတယ်။

ကာတာအသင်းမှာ အဓိကထား စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ဘယ်တောင်ပံကစားသမား အက်ရမ်အဖစ် ရှိနေပါတယ်။ အဖစ်ဟာ ကာတာကလပ် အယ်ဆတ်အသင်းမှာ ကစားနေသူဖြစ်ပြီး ၁၂၆ ပွဲမှာ ၈၃ ဂိုးအထိ သွင်းယူထားကာ ၆၉ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားနိုင်တာ တွေ့ရတယ်။

**ကာတာ၏ အုပ်စုတွင်း ပွဲစဉ် (သုံးပွဲ)**

| | |
|---|---|
| ၂၀-၁၁-၂၀၂၂ | ည ၁၀း၃၀ |
| ကာတာ - အီကွေဒေါ | |
| ၂၅-၁၁-၂၀၂၂ | ည ၇း၃၀ |
| ကာတာ - ဆီနီဂေါ | |
| ၂၉-၁၁-၂၀၂၂ | ည ၉း၃၀ |
| နယ်သာလန်- ကာတာ | |

ကာတာအသင်းကို အသက် ၄၆ နှစ်အရွယ် စပိန်လူမျိုးနည်းပြ ဖီးလစ် ဆန်းချက်ဇ်က တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး စုစုပေါင်း ၈၄ ပွဲ ကိုင်တွယ်ထားရာ ၄၄ ပွဲနိုင်၊ ၁၆ ပွဲ သရေနဲ့ ၂၄ ပွဲ ရှုံးနိမ့်ထားပါတယ်။

## ■ အီကွေဒေါအသင်းအခြေအနေ

အီကွေဒေါအသင်းက ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ကာတာအသင်းထက် အဆင့် ၄၄ မှာ ရပ်တည်ထားနိုင်တယ်ဆိုပေမယ့် ယခုပွဲစဉ်မတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းကောင်းမွန်မှု မရှိဘူး။

အီကွေဒေါအသင်းဟာ မတ်လက ယှဉ်ပြိုင်ကစားခဲ့တဲ့ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အာဂျင်တီးနားနဲ့ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အဆင့် ၄ နေရာနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲကို တိုက်ရိုက် အောင်မြင်လာတဲ့အသင်း ဖြစ်ပါတယ်။

အီကွေဒေါအသင်းကို အသက် ၆၀ အရွယ် အာဂျင်တီးနားလူမျိုးနည်းပြ ဂူစတာဗို အယ်ဖာရိုက တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး လက်ရှိအချိန် အီကွေဒေါအသင်းကို ၃၁ ပွဲကိုင်တွယ်ထားရာမှာ ၁၁ ပွဲနိုင်၊ ၁၂ ပွဲသရေနဲ့ ရှစ်ပွဲ ရှုံးနိမ့်ထားတယ်။

ဒါပေမယ့်လည်း အီကွေဒေါအသင်းဟာ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာတော့ အာဂျင်တီးနားအသင်းနဲ့အတူ ရဂိုး ၂၇ ဂိုးနဲ့ ဒုတိယဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာ တွေ့ရတယ်။

အီကွေဒေါမှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် တူရကီကလပ် ဖီနာဘာချီမှာ ကစားနေတဲ့ အန်နာ ဗလင်စီယာနဲ့ ပရီမီယာလိဂ်ကလပ် ဘရိုက်တန်အသင်းမှာ ကစားနေတဲ့ ကိုင်စီဒိုတို့ ရှိနေပါတယ်။ ဗလင်စီယာ

**အီကွေဒေါ၏ အုပ်စုတွင်း ပွဲစဉ် (သုံးပွဲ)**

| | |
|---|---|
| ၂၀-၁၁-၂၀၂၂ | ည ၁၀း၃၀ |
| ကာတာ - အီကွေဒေါ | |
| ၂၅-၁၁-၂၀၂၂ | ည ၁၀း၃၀ |
| နယ်သာလန်- အီကွေဒေါ | |
| ၂၉-၁၁-၂၀၂၂ | ည ၉း၃၀ |
| အီကွေဒေါ - ဆီနီဂေါ | |

ဟာ ဖီနာဘာချီမှာ ခြေစွမ်းပြကစားထားနိုင်သူဖြစ်ပြီး ၈၇ ပွဲမှာ ၃၉ ဂိုးအထိ သွင်းယူထားနိုင်တယ်။ ကိုင်စီဒိုဟာ ဘရိုက်တန်အသင်းမှာ ခြေစွမ်းပြကစားထားနိုင်သူဖြစ်ပြီး ယခုနှစ်ရာသီမှာ ပြိုင်ပွဲစုံ ၁၅ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်ပါတယ်။

## ■ သုံးသပ်ချက်

ကာတာအသင်းဟာ ၁၉၃၄ ခုနှစ် ကမ္ဘာ့ဖလားမှာ အီတလီအသင်းနောက်ပိုင်း ခြေစစ်ပွဲ မကစားရဘဲ ကမ္ဘာ့ဖလားယှဉ်ပြိုင်ကစားခွင့်ရရှိတဲ့ ဒုတိယမြောက်နိုင်ငံဖြစ်လာပြီး သမိုင်းတစ်လျှောက် ပထမဆုံးကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ရမှာလည်း ဖြစ်တာကြောင့် အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ အီကွေဒေါကို အနိုင်ယူကာ အဖွင့်မျက်နှာပန်း လှသွားမလား စိတ်ဝင်စားဖွယ် ကောင်းတယ်။

ကမ္ဘာ့ဖလားအတွေ့အကြုံရှိပြီး ကိုင်စီဒို၊ အန်နာဗလင်စီယာတို့လို နာမည်ကြီး ကစားသမားတွေ ပိုင်ဆိုင်ထားတဲ့ အီကွေဒေါ အသင်း အနေနဲ့လည်း အဖွင့်ပွဲစဉ်မှာ အိမ်ရှင်ကာတာကို အသာရယူသွားနိုင်မလား စောင့်ကြည့်ချင်စရာ ဖြစ်လာတယ်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ အနိုင်ရတဲ့ အသင်းအနေနဲ့ အဖိုးတန် သုံးမှတ်ကို ရယူစုဆောင်းနိုင်မှာဖြစ်တဲ့အတွက် ကာတာအသင်းရော၊ အီကွေဒေါအသင်းပါ အနိုင်ရရှိရေး အသေအချာပြင်ဆင်လာမှာပါ။

နှစ်သင်းလုံးအတွက် အရေးပါတဲ့ ပွဲစဉ်ဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်း ပိုင်ဆိုင်သွားမလဲဆိုတာ နိုဝင်ဘာ ၂၀ ရက်မှာ ဆုံးဖြတ်ပေးသွားတော့မှာ ဖြစ်ပါတယ်။

## ဗီဇာပိတ်ပင်မှုကို ပယ်ဖျက်ပေးလိုက်ပြီးနောက် ဩစတြေးလျအိုးပင်းပြိုင်ပွဲသို့ ဒီဂျိုကိုဗစ် ယှဉ်ပြိုင်ကစားခွင့်ရရှိ



နာမည်ကျော် တင်းနစ်ကစားသမား နိုဗက် ဒီဂျိုကိုဗစ် ကို ဗီဇာပိတ်ပင်မှုကို ပယ်ဖျက်ပေးလိုက်ပြီ ဖြစ်သည့်အတွက် လာမည့်နှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှုအပေါ် ပျော်ရွှင်မိကြောင်း ၎င်းက ပြောသည်။

ဩစတြေးလျ အိုးပင်းကို ကိုးကြိမ်အထိ ဆွတ်ခူးရရှိထားသော ဆားဘီးယား တင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ်သည် ကိုဗစ်ကာကွယ်ဆေး မထိုးနှံထားမှုနှင့်ပတ်သက်ပြီး ဩစတြေးလျနိုင်ငံတွင်းသို့ ဝင်ရောက်ခွင့် သုံးနှစ်ပိတ်ပင်ခံထားရသော်လည်း မကြာသေးမီက အဆိုပါပိတ်ပင်မှုကို ဩစတြေးလျတာဝန်ရှိသူများက ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ဖီဖာဥက္ကဋ္ဌအဖြစ် ဂီယန်နီ အင်ဖန်တီနို တတိယအကြိမ်မြောက် ပြန်လည်ရွေးချယ်ခံမည်



ဖီဖာဥက္ကဋ္ဌ ဂီယန်နီ အင်ဖန်တီနိုသည် ဖီဖာဥက္ကဋ္ဌအဖြစ် တတိယအကြိမ်မြောက် ပြန်လည်ရွေးချယ်ခံမည်ဖြစ်ကြောင်း သိရသည်။

အသက် ၅၂ နှစ်အရွယ် ဆွစ်ဇာလန်- အီတာလျံနိုင်ငံသား အင်ဖန်တီနိုသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် ဆက်ဘလတ္တာ၏နေရာကို ဆက်ခံခွင့်ရရှိခဲ့သူဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ဖီဖာဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ်မြောက် ပြန်လည် အရွေးချယ်ခံခဲ့ရသူ ဖြစ်သည်။ ဥက္ကဋ္ဌအသစ်အား ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ မတ် ၁၆ ရက်တွင် ပြုလုပ်မည့် (၇၃) ကြိမ်မြောက် ဖီဖာကွန်ဂရက်တွင် ပြန်လည်ရွေးချယ်မည်ဟု သိရသည်။

## ချယ်ဆီးကစားသမားဟောင်း ကာဟေးလ် ဘောလုံးလောကမှ အနားယူ

အင်္ဂလန်နှင့် ချယ်ဆီးခံစစ်ကစားသမားဟောင်း ဂယ်ရီကာဟေးလ်သည် အသက် ၃၆ နှစ်အရွယ်တွင် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း သိရသည်။ ကာဟေးလ်သည် စတန်းဖို့ဒ်ဘရစ်၌ ခုနစ်နှစ်ကြာ ကစားထားသူဖြစ်ပြီး ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားနှစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလား အပါအဝင် အဓိကဆုဖလား ရှစ်ကြိမ်အထိ ဆွတ်ခူးထားသူ ဖြစ်သည်။

၎င်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အက်စ်တွန်ဗီလာအသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ကစားသမားဘဝ စုစုပေါင်း ၅၈၅ ပွဲ ပါဝင်ကစားထားကာ ၄၅ ဂိုး သွင်းယူပေးထားသည်။ ထို့ပြင် ကာဟေးလ်သည် မိခင်နိုင်ငံ အင်္ဂလန်အသင်းအတွက်လည်း ၆၁ ပွဲအထိ ပါဝင်ကစားထားသည်။

## ဒဏ်ရာကြောင့် ဆီနီဂေါတိုက်စစ်ကစားသမား မာနေး ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်နှင့် လွဲချော်



ဘိုင်ယန်မြူးနစ်နှင့် ဆီနီဂေါ တိုက်စစ်ကစားသမား ဆာဒီယို မာနေးသည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်တော့မည်ဖြစ်ကြောင်း သိရသည်။

မာနေး (၃၀နှစ်) အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ကိုသာ လွဲချော်မည်ဟု နိုဝင်ဘာ ၁၅ ရက်တွင် ဆီနီဂေါဘောလုံးအဖွဲ့ချုပ်က ပြောကြားထားသော်လည်း အဆိုပါ ဒဏ်ရာကို နောက်ထပ်စစ်ဆေးမှုများပြုလုပ်ပြီးနောက် ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်နှင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။ ဆီနီဂေါအသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲအဖွင့်ပွဲစဉ်ကို နိုဝင်ဘာ ၂၁ ရက်တွင် နယ်သာလန်အသင်းနှင့် စတင်ကစားရမည် ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဗိုလ်ချုပ်ဒေါ်ဦး(ငြိမ်း) ပြည်ထောင်စုဝန်ကြီး (ငြိမ်း)-ဒေါ်နီနီဝင်းမိသားစုက သက်ကြီးစာပေပညာရှင် ၂၄၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် အလှူငွေကျပ် ၂၄၇၀၀၀၀(**ယာပုံ**)၊ ဒေါက်တာထွန်းမောင် (သွားဆရာဝန်) ချမ်းအေးသာစံမြို့နယ်က ငွေကျပ်သုံးသိန်း၊ ဆရာစိုးတင့် (ရောဝတီ) မိသားစုက ငွေကျပ် နှစ်သိန်း၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) - စာရေးဆရာမ (မလေးယဉ်) မိသားစုက ငွေကျပ် တစ်သိန်း၊ ဆရာမလေးခင်(တော်ဝင်ပန်း)တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် ၇၉၀၀၀၊ ကလောမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ခုနစ်သောင်း။

ကျောက်တန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ခြောက်သောင်း၊ ဆရာကြယ်နီလေး (ဥပဒေ)လှိုင်မြို့နယ်၊ မုံရွာမြို့နယ် စာရေးဆရာအသင်းနှင့် တာမွေမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ စာရေးဆရာမ သက်ဦးခင်၊ မဲခေါင်စာပေဆုရ ဦးဖေသန်း(နေမင်းသန်း)၊ မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌဦးညွန့်စိုး (ရွှေရည်စိုး)နှင့် မြန်အောင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ သန်လျင်မြို့နယ် စာရေးဆရာအသင်းနှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ ဒေါ်ယဉ်မြိုင်(မိုးပန်းမွန်-ရာမည) ကို ရည်စူး၍ ဦးထွန်းရီ (ဒေါပုံမြို့နယ်) မိသားစုက ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# သာပေါင်းမြို့နယ် မဒေါ့ကုန်းကျေးရွာ၌ စပ်မျိုးနေကြာပေးအပ်ပွဲနှင့် မျိုးစေ့ချစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

**သာပေါင်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် စီမံကိန်း ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုးစေ့ချစိုက်ထည့်ခြင်းကို ယနေ့ နံနက်ပိုင်းက ရုံးပင်ကျေးရွာအုပ်စု မဒေါ့ကုန်းကျေးရွာ ကွင်းအမှတ် ၈၃၀ B ဦးပိုင် ၅၅/၃ ရှိ တောင်သူဦးမြင့်အောင်၏ နေကြာစိုက်ပျိုးရန် စပ်မျိုးနေကြာ ဆင်းရွှေကြာ-၂(၁၀) ဧကအနက် လေးဧကတွင် စပ်မျိုးနေကြာတစ်ဧက သုံးပြည်နှုန်း ပေးအပ်ပွဲနှင့် မျိုးစေ့ချစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသန့်ဇင်က ၂၀၂၂-၂၀၂၃ ခုနှစ်စီမံကိန်း ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့်မျိုးစေ့များ၏ အရည်အသွေးလက္ခဏာများ၊ နေကြာဆီထွက်သီးနှံ စိုက်ကေပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေးတို့အတွက် ဆောင်းနေကြာမျိုးစေ့ ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မဒေါ့ကုန်းကျေးရွာ ကွင်းအမှတ် (၈၃၀)B ဦးပိုင် ၅၅/၃ ရှိ တောင်သူ ဦးမြင့်အောင်၏ နေကြာစိုက်ပျိုးရန် စပ်မျိုးနေကြာဆင်းရွှေကြာ-၂(၁၀) ဧကအနက် လေးဧကတွင် စပ်မျိုးနေကြာ၊ တစ်ဧကသုံးပြည်နှုန်း စပ်မျိုးနေကြာပေးအပ်ပွဲနှင့် မျိုးစေ့ချစိုက်ထည့်ခြင်းတို့ကို ပုသိမ်ခရိုင်စိုက်တိုးမြှင့်ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်သူများ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မျိုးဇော်သိန်း (ပြန်/ဆက်)**

---

# မောင်တောမြို့နယ် ဇူလကျေးရွာ၌ မိုးစပါး စံကွက် ရိတ်သိမ်း

**မောင်တော နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့ဦးရပ်ကွက် ဇူလကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ မောင်တောမြို့နယ် မြို့ဦးရပ်ကွက် ဇူလကျေးရွာ ကွင်းအမှတ်(၁၀၁/ဃ) အခေါင်းပေါက်အရှေ့ကွင်း မိုးစပါးစံကွက် ရိတ်သိမ်းခြင်း ဆောင်ရွက်ရာတွင် တောင်သူ ဂေါ်ရီနာ၏ ဦးပိုင်အမှတ် (၄၅၆) စိုက်ပျိုးဧက ၁ ဒသမ ၅၀ ဧကတွင် ဆင်းသွယ်လတ်စပါးမျိုး ၀ ဒသမ ၁၀ ဧက မိုးစပါးစံပြကွက်ကို ရိတ်သိမ်းခြွေလှေ့စက် ဖြင့်ရိတ်သိမ်းရာ အစိုအထွက်တင်း ၉၄ ဒသမ ၆၀ နှင့် အခြောက်အထွက်တင်း ၈၆ ဒသမ ၀၀ ထွက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးသာကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်ထွန်းမောင်နှင့် ဝန်ထမ်းများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူ ၆၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**သက်လွင်စိုး**
**(ပြန်/ဆက်)**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာ သတင်းအချက်အလက်များလွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းဟူသည့်စကားရပ်များ၏ အဓိပ္ပါယ်နှင့် အဆိုပါဆောင်ရွက်ချက်များအပေါ် အရေးယူဆောင်ရွက်မည့်ကိစ္စရပ်များကို ပြည်သူများ ရှင်းလင်းစွာသိရှိနိုင်ရေး **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် အမှတ် ၃/၂၀၂၂** အား (၁၆-၁၁-၂၀၂၂) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်အမှတ် ၃/၂၀၂၂ တွင် အခွန်ရှောင်ရှားခြင်း၊ ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်းနှင့် အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို မှားယွင်းစွာ သို့မဟုတ် လမ်းလွဲစွာဖော်ပြခြင်းဟူသည့် ဆောင်ရွက်မှုများတွင် ပါဝင်သည်ဟု သတ်မှတ်သည့်ကိစ္စရပ်များ၊ အခွန်ရှောင်တိမ်းမှုမြောက်သော ကျူးလွန်မှုများအဖြစ် သတ်မှတ်သည့်ဆောင်ရွက်မှုများနှင့် အခြေအနေများကို နမူနာဖြစ်စဉ်များနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။

၃။ အခွန်ရှောင်တိမ်းမှု (Tax Evasion) ကို ကျူးလွန်သူများသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံတရားစွဲဆို ခံရနိုင်ခြင်းကြောင့် ပြည်သူများ အနေဖြင့် မည်သည့်ဆောင်ရွက်မှုများသည် အခွန်ရှောင်တိမ်းမှုမြောက်သော ကျူးလွန်မှုများဖြစ်ကြောင်းကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် (၁-၁-၂၀၂၃) ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည့် အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်အမှတ် ၃/၂၀၂၂ အား ပြည့်စုံစွာသိရှိနိုင်ရန် https:// www.ird.gov.mm/sites/default/files/Public%20Ruling%203%202022%20myanmar.pdf တွင် မြန်မာဘာသာဖြင့်လည်းကောင်း၊ https://www.ird.gov.mm/sites/default/files/Public%20 Ruling %203%202022%20english.pdfတွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၈၂၈)၊ မြေကွက်တည်နေရာအမှတ်(၈၂၈)၊ သမိန်ဗရမ်းလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးခင်မောင်လတ် (BF-၀၂၃၄၃၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း) ဦးခင်မောင်လတ် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်နွယ်နွယ်ဝင်း (၁၂/ပဇတ(နိုင်)၀၀၃၅၂၈)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးခင်မောင်လတ်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၄၃)၊ မြေကွက်တည်နေရာအမှတ်(၄၃)၊ ရာဇဓိရာဇ်လမ်း၊(၃၉/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဘမြင့်သိန်း (AT-၀၁၂၃၉၅) အမည်ပေါက်နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)မြေအား (ဖခင်)ဦးဘမြင့်သိန်း၊ (မိခင်) ဒေါ်စန်းရီ၊ (အစ်ကို) ဖြစ်သူ ဦးအောင်နိုင်သည် (လူပျိုကြီးဘဝ)ဖြင့် အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် (၁) ဦးကျော်နိုင် (၁၂/ ရကန(နိုင်) ၀၁၉၁၀၁)၊ (၂) ဒေါ်နီလာ (၁၂/ရကန(နိုင်)၀၂၂၉၁၀)၊ (၃) ဒေါ်သီတာ (၁၂/ရကန(နိုင်)၀၂၄၅၄၃)၊ (၄) ဒေါ်နီနီနွေဝင်း (၁၂/ရကန(နိုင်)၀၂၀၈၈၈)တို့က မိမိတို့မောင်နှမ(၅)ဦးကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမမွေးစားသားသမီးများလည်း မရှိပါကြောင်း မိမိတို့သာလျှင် တရားဝင်အမွေပိုင်ဆိုင်သူများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်) ဦးဘမြင့်သိန်း၏ သေစာရင်းသွင်း မိတ္တူမှန်၊ (မိခင်)ဒေါ်စန်းရီ၏ သေဆုံးမှုလက်မှတ် (ပထမမိတ္တူမှန်)၊ (အစ်ကိုဖြစ်သူ) ဦးအောင်နိုင်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မင်းဘူးလမ်း၊ မြေကွက်အမှတ် (၁၂၇၀)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ တကထွန်းငြိမ်း (၁၂/ဒဂန (နိုင်) ၀၀၄၉၀၉) (ISN- ၂၂၃၀၈၈)အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မော် (၁၂/သဃက (နိုင်) ၀၇၇၀၇၉) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

---

**အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။**
**ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

# ကမ္ဘာရေးရာ GLOBAL AFFAIRS အမှတ်(၁၆) (အောက်တိုဘာ၊ ၂၀၂၂)

ထွက်ပြီ




၂၀၂၂ အောက်တိုဘာလထုတ် ကမ္ဘာရေးရာ အမှတ်စဉ်– ၁၆ တွင်

- အိန္ဒိယအတွက် ပလက်ဖောင်းတစ်ခုဖြစ်လာနေသည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)
- အရှေ့ဖျားစီးပွားရေးဖိုရမ်နှင့် ဗဟုကမ္ဘာသို့ ဦးတည်ရာလမ်း
- အနာဂတ်ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းသစ်များ
- ရုရှား၏ နောက်ထပ်ခြေတစ်လှမ်း
- လူကြိုက်များခေတ်စားလာနေသည့် လျှပ်စစ်ကားများနှင့် အနာဂတ်အလားအလာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(လက်ကားဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈


## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၁ ခုနှစ် တရားမပြင်ဆင်မှုအမှတ် – ၅၀

ဒေါ်မြင့်ကြည် နှင့် ဒေါ်သီတာ (ကွယ်လွန်သူ ဦးအောင်သိန်းဦး၏ တရားဝင်ကိုယ်စားလှယ်)

လျှောက်ထားသူ — လျှောက်ထားခံရသူ

၂၀၂၁ခုနှစ်၊ အောက်တိုဘာ ၂၉ရက်စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၆/၂၀၁၈ အမှုတွင် ချမှတ်ထားသော အမိန့်ကို ပြင်ဆင်မှု။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ငွေဟသာ်ပွဲရုံ၊ သနပ်ပင်လမ်း၊ ဟသာ်ကုန်းရပ်ကွက်နေ ဒေါ်သီတာ (ကွယ်လွန်သူ ဦးအောင်သိန်းဦး၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်မှ ချပေးသည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်အောင်)
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

## ပျောက်ဆုံးကြောင်း

ဦးဝေပုလ္လ ၁၃/တကန(သ) ၀၀၀၁၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၁၅၁၄၁

## ပျောက်ဆုံးကြောင်း

ဦးဓမ္မဇ ၁၃/ညရန(သ) ၀၀၀၅၉၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၁၅၀၇၉

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖူးပွင့်လှိုင် ၉/မကန (နိုင်)၁၁၁၆၂၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၁၀၀၈၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မမြဝင်း ၁၃/တကန (နိုင်)၁၁၈၁၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၈၂၂၃၁၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဝင်းသန်း ၁၃/တကန(နိုင်)၁၄၉၂၄၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၈၃၂၀၀၉၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် –၁၀၀၀)
## ကြော်ငြာစာ

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် –၁၀၀၀)၏ (၂၀၂၂–၂၀၂၃) ခုနှစ်၊ ဘဏ္ဍာရေးနှစ် တင်ဒါ(နောက်ဆက်တွဲ)တွင် ဆေးရုံလာရောက် ကုသသောလူနာများအတွက် လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ခတ်ခွဲခန်းသုံးနှင့် ခတ်မှန်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ၊ Basic Consumables များကို ဝယ်ယူရန်အတွက် ဆေးကုမ္ပဏီများ လျှောက်ထားနိုင်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန် – ၂၁–၁၁–၂၀၂၂ရက်၊ တနင်္လာနေ့ နံနက် ၉:၀၀နာရီ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၅–၁၂–၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း–၀၆၇၃–၄၂၁၄၆၄၊ ၄၂၁၄၆၃သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## ပြင်ဆင်မှုကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်– ၃၇

| | | |
|---|---|---|
| ၁။ ဒေါ်တင်လွယ် | နှင့် | ၁။ ဒေါ်မြမြသန်း |
| ၂။ ဒေါ်စန်းညွန့် | | ၂။ဒေါ်ဆွေဆွေသန်း(ကိုယ်တိုင်နှင့် အမှတ်(၁)လျှောက်ထားခံရသူ၏ အခွင့်ရကိုယ်စားလှယ်) |
| ၃။ ဒေါ်ဆွေဆွေညွန့်(ကိုယ်တိုင်နှင့် အမှတ်(၁)လျှောက်ထားခံရသူ၏အခွင့်ရ ကိုယ်စားလှယ်) | | ၃။ စိုးမင်းဦး |
| | | ၄။ကိုကိုဦး |
| | | ၅။ ထွန်းမြတ်ဦး |
| | | ၆။ စန္ဒာဝင်း(ကိုယ်တိုင်နှင့် အမှတ်(၃)(၄) လျှောက်ထားခံရသူတို့၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၇။ စိုးမင်းသိန်း |
| လျှောက်ထားသူများ | | လျှောက်ထားခံရသူများ |

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၆ရက်စွဲပါ မြိတ်ခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၄/၂၀၂၁အမှုတွင် ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

မန္တလေးတိုင်းဒေသကြီး၊ချမ်းအေးသာစံမြို့နယ်၊ရွှေလုံရပ်၊ မေတ္တာလမ်းသွယ်၊ ၂၈X၂၉ကြား၊ ၇၁X ၇၂ ကြား၊ အမှတ် ၅/၂၂နေ ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အမှတ်(၁)ဒေါ်မြမြသန်း(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဆွေဆွေသန်း) (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊(၅)လွှာ၊ အမှတ်၉နေ ပြင်ဆင်မှု လျှောက်ထားခံရသူ အမှတ် (၂) ဒေါ်ဆွေဆွေသန်း (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

ယခုအမှုတွင် မြိတ်ခရိုင် တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူများမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ရက်(၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးထွန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

## ဦးအောင်သူရိန်စိုး ၁၄/ဘကလ(နိုင်)၁၅၀၁၄၀ နှင့် အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်မျိုးအောင်ရပ်၊ အထက(၁)လမ်း၊ အမှတ်(၃)နေထိုင်သူ ဒေါ်စုစုမြိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေထိုင်သူ ဦးအောင်သူရိန်စိုးတို့သည် ၁၉–၁–၂၀၁၀ ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ ဒေါ်စုစုမြိုင်နှင့် သားဖြစ်သူတို့အား လင့်ဝတ္တရားနှင့်အညီ ဆက်သွယ်ထောက်ပံ့ခြင်းလုံးဝမရှိတော့ဘဲမိသားစုအား စွန့်ပစ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်စုစုမြိုင်အနေဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ ဦးအောင်သူရိန်စိုး ၁၄/ဘကလ(နိုင်)၁၅၀၁၄၀ နှင့်လုံးဝ ပတ်သက်မှုမရှိတော့ပါကြောင်း ဦးအောင်သူရိန်စိုးနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်၊ အရှုပ်အရှင်း အရပ်ရပ်တို့သည် ဒေါ်စုစုမြိုင်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ၊ အရှုပ်အရှင်း မှန်သမျှ အားလုံးကို(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုမြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ညွန့် LL.B
တရားလွှတ်တော်ရှေ့နေ–စဉ်/၇၁၇၀/၂၀၀၄
စီ/၂၇၅၊(၁၈)လမ်းနှင့် ငုရွှေဝါလမ်းထောင့်
ကန်သာရပ်၊ မကွေးမြို့
ဖုန်း–၀၉–၉၆၅၃၄၂၇၇၅၊၀၉–၅၃၄၂၇၇၅

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ ကောင်းချွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (ဟောင်း)တွင် ပညာသင်ကြားနေသော မနွေးနွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြို့သစ် ၈/ဆဖန(နိုင်)၀၅၉၁၄၈ ဖြစ်ပါကြောင်း။

ဦးမြို့သစ်

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ အထက (၁) Grade–9 (D)မှ မယွန်းမီမီဖူးအား မငွေ့လန်ဆိုင်းမိုင်ဟု ပြောင်းလဲ ခေါ်ဆိုရန်နှင့် ဖခင်အမည်မှန်မှာ ဦးရောင်သိမ့် ၉/ပဥလ(နိုင်)၀၀၅၉၇၀ ဖြစ်ပါကြောင်း။

မငွေ့လန်ဆိုင်းမိုင်/ဦးရောင်သိမ့်

## အမည်ပြောင်း

တောင်ငူမြို့၊ ပွတ်စုကျေးရွာနေ ဦးစည်သူမင်း ၇/အတန(နိုင်) ၁၀၀၄၀၂ ၏သားဖြစ်သူ မောင်ခနစည်သူအား မောင်ဝေမြတ်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေမြတ်ဦး

## ပျောက်ဆုံးကြောင်း

ကျွန်မ မေသူခိုင် ၁/ဗမန(နိုင်) ၀၈၉၁၃၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၈၈၉၉၅၀၈၈၇

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ မြေကွက်အမှတ် ၁၂၁၊ မြေရိယာ ၀ဒ္ဒသမ၀၆၈ဧကေ၊ ပေ (၅၀x၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိ အိမ်အမှတ်–၁၂၁၊ အောင်သိဒ္ဓိလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် အောင်ဗုက်အိန်(ခ)ဒေါ်အေးအေးမူ ၁၂/လသန(ဧည့်)၀၀၀၉၁၃ထံမှ ဦးသက်နောင်နောင်ထွန်းက ၁၅–၈–၂၀၁၄ရက်စွဲပါ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ဦးသက်နောင်နောင်ထွန်းထံမှ ၁၂–၇–၂၀၁၇ရက်စွဲပါ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ထပ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုပြုသူ ဒေါ်ကေဇင်မြင့်ဦး(ဘ)ဦးမြင့်ဦး ၇/ပခန(နိုင်)၁၇၁၁၅၃၊ အမှတ်–၇၈၁/၃အေ၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေချည်းသက်သက်မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅) |
| အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ | အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖုန်း–၀၉–၅၁၇၁၄၃၃ | ဖုန်း–၀၉–၂၅၄၄၈၈၃၃၀ |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ မြေကွက်အမှတ်–၂၇၀ ဟုခေါ်တွင်သော အကျယ်အဝန်း ၀ဒ္ဒသမ၀၆၆ဧကေ (၂၉၁၀ စတုရန်းပေ)ရှိ (အမှတ်–၂၇၀၊ အောင်တံခွန်လမ်းနှင့် အောင်တံခွန်(၂)လမ်းထောင့်၊ ၂၉–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုလည်း ခေါ်တွင်သော) ဦးဌေးအောင် နှစ် ၆၀ မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဌေးအောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဉ်–၂၅၁၆၅ | စဉ်–၂၆၁၉၉ | စဉ်–၄၆၃၂၈ |

အထက်တန်းရှေ့နေများ
အမှတ်–၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁၄၅၇၆၇၊ ၀၉–၄၂၀၀၂၈၃၆၆၊ ၀၉–၄၂၅၂၈၈၆၅၁

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၉၈၄၊မြေကွက် တည်နေရာအမှတ် ၁၁၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးကျော်ဝင်း ၁၂/သဃက(နိုင်)၀၈၉၀၅၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ဝင်း (ဖခင်)သည် ၂၃–၆–၂၀၁၄ရက်တွင်လည်းကောင်း၊ ဒေါ်ညွန့်ကြည်(မိခင်) သည် ၁၈–၁၁–၂၀၂၁ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်စန်းစန်းဌေး ၁၂/သဃက (နိုင်)၀၈၆၆၆၅၊ ဦးစိန်ဝင်း ၁၂/သဃက(နိုင်)၀၀၁၆၂၆ တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၉၅/၂၂–၇–၂၀၂၂)၊သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်စန်းစန်းဌေးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၃၂၉/၂၀၂၂(၅–၇–၂၀၂၂)ဖြင့် ရရှိသူ GP ဦးစိန်ဝင်းမှ ကိုယ်တိုင်နှင့် ဒေါ်စန်းစန်းဌေးထံမှ GP ရယူ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (နဝဒေးအိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊မြေကွက်အမှတ် ၂၇၉၊ မြေရိယာ ၀ဒ္ဒသမ ၀၅၅ဧကေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိ အိမ်အမှတ် ၁၇၊ ဘလောက်(၆၃)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် RC (၂)ထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဒေါ်ကျင်ကြည်(ဘ)ဦးဝါနန်း ၁၂/ရကန(နိုင်)၀၂၅၃၉၂ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော်စိုး(ဘ)ဦးရွှေ ၈/ပခက(နိုင်)၁၁၂၃၀၆ ၊ အမှတ် ၃၊ သီရိဇေယျာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B, D.M.L) |
| အထက်တန်းရှေ့နေ(စဉ်– ၁၆၁၉၆) | အထက်တန်းရှေ့နေ(စဉ်– ၇၅၁၅) |
| အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း | အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ဖုန်း–၀၉–၅၁၇၁၄၃၃ | ဖုန်း–၀၉–၂၅၄၄၈၈၃၃၀ |

## မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

၁။ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင် ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Online စနစ်အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး Online မှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ (စနေနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - ၁၀:၀၀နာရီ
**အစည်းအဝေးကျင်းပမည့်ပုံစံ** - Online Zoom Meeting

၂။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ အစည်းအဝေးတက်ရောက်ရန် အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration)အတွက် လုပ်ဆောင်ရမည့် နည်းလမ်းပုံစံတို့ကို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းတို့ကို MICTDC ၏ Website ဖြစ်သော www.mictdc.com.mm သို့မဟုတ် MICTDC ၏ Facebook Page (MICT Park – Yangon) တို့တွင် အစုရှယ်ယာရှင်များမှ Download လုပ်၍ ရယူနိုင်ပါသည်။ အစုရှယ်ယာရှင်များ၏ Email သို့မဟုတ် Viber သို့လည်း ပေးပို့ရန် တောင်းဆိုနိုင်ပါသည်။

၃။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ၁၁-၁၂-၂၀၂၂ ရက်မှ ၁၅-၁၂-၂၀၂၂ ရက်အတွင်း အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) ကို MICTDC Website (www.mictdc.com.mm) တွင်ရှိသော mictdc.meet4u.online link မှတစ်ဆင့် ပြုလုပ်ရမည် ဖြစ်ပါသည်။ MICTDC အစုရှယ်ယာရှင်များ၏ မိုဘိုင်းလ်ဖုန်းသို့လည်း Online Registration ပြုလုပ်ရမည့် Link အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂၊ ၀၉-၈၈၀၀၈၇၇၀၃ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း၊ အစုရှယ်ယာမှတ်ပုံတင်လက်မှတ်မူရင်းတို့ကို ရှေ့၊ နောက် ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်းရန် အကူအညီတောင်းခံနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ Online ဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ထားသော မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုသို့သာ Zoom Meeting အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link နှင့် Password အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။

၅။ အကြံပြုချက်နှင့် ဖြေကြားပေးစေလိုသည့် မေးခွန်းများကို ၉-၁၂-၂၀၂၂ ရက်နေ့၊ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ MICTDC ၏ အီးမေးလ် office@mictdc.com.mm,mictdcoffice@gmail.com (သို့မဟုတ်) ကုမ္ပဏီ ရုံးခန်းလိပ်စာသို့ စာဖြင့် အချိန်မီပေးပို့နိုင်ပါသည်။

၆။ အရှယ်ယာလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ၁၈-၁၁-၂၀၂၂ ရက်နေ့ မှ ၁၈-၁၂-၂၀၂၂ ရက်နေ့အထိ ခေတ္တရပ်နားထားမည် ဖြစ်ပါသည်။

၇။ Online Registration အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများရယူခြင်းနှင့် အစည်းအဝေးတက်ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂၊ ၀၉-၈၈၀၀၈၇၇၀၃ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး**
**ကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၁၅၂)၊ ကျိုက္ကဆံလမ်း၊ ပျားရည်ကုန်း ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးသက်စိုးလှဆိုင် ၁၂/တမန (နိုင်)၀၀၀၇၇၃ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအနီး ကြယ်စင်မြို့တော် အိမ်ရာအတွင်းရှိ အခန်းအမှတ်(၁၀၀၈)၊ တိုက်(B-4) ၁၂၆၁ ပေရှိ အခန်းအား ကျွန်မ ဒေါ်ယင်းအွန်ဇော် ၁၂/ဗဟန(နိုင်)၀၉၁၉၇၄ မှ ဝယ်ယူ ရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်း အဝယ်အားကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယင်းအွန်ဇော်**
**ဖုန်း-၀၉-၂၅၀၀၄၄၃၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၈၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၈၃ ၁/၂၊ အဿက ၂၆လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးတင်ညွန့် အေစီ-၀၁၄၈၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်ညွန့် (ဖခင်)၊ ဒေါ်သန်းစိန် (မိခင်) တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ရင်မြ ၁၂/ဥကတ(နိုင်)၁၀၁၃၄၂၊ ဒေါ်ရင်ရွှေ ၁၂/ဥကတ(နိုင်)၀၈၂၀၂၃၊ ဦးအေးမြင့် ၉/မထလ(နိုင်)၁၀၄၁၈၅၊ ဦးထွန်းထွန်းဝင်း ၁၂/ ဥကတ(နိုင်)၀၈၇၉၂၆၊ ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၀၈၆၄၅၂ တို့ (၅)ဦး၏GPဦးစိုးထက်အောင် ၁၄/ပသန(နိုင်)၁၆၆၅၆၀ မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၁၅၀၉/၂၀၂၂)၊ ၂၅-၂-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကိုယ်စားလှယ်လွှဲစာ (၈၆၅၅/၅-၁၁-၂၀၂၁)၊ ပါဝါကျမ်းကျိန် (၂၈၂၇/၂၀၂၁) ၂၃-၁၂-၂၀၂၁၊ ဝန်ဆောင်ခ၊ ဒေါ်ရင်မြ၊ ဒေါ်ရင်ရွှေ၊ ဦးအေးမြင့်၊ ဒေါ်လှလှဝင်း တို့သည် ယင်းမြေကွက်ကို ရောင်းချကာ ဦးစိုးထက်အောင်အား အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ပြီးဖြစ်၍ နယ်သို့ ပြောင်းရွှေ့သွားပါသောကြောင့် ၎င်းတို့၏ နိုင်ငံသားကတ်မူရင်းများကို ဌာနသို့လာရောက်တင်ပြနိုင်ခြင်း မရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာ ပါက မိမိမှအလုံးစုံ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ၁၉-၉-၂၀၂၂ရက်စွဲပါ ဝင်စာအမှတ် ၉၀၄၈ဖြင့် ဦးစိုးထက်အောင် ၏ကတိဝန်ခံချက် တင်ပြစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


အကြီးစားပွဲရုံ ၊ လူနေဆိုင်ခန်း ၊ လုံးချင်းအိမ်ယာ အဆောက်အဦး များ တန်ဆောင်တိုင် အထူး ပရိုမိုးရှင်း (၁၅.၁၀.၂၀၂၂ မှ ၃၁.၁၂.၂၀၂၂)ထိ
စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။
အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တည်ငင်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ ၊ လေးထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊ သုံးထပ်ခွဲတိုက်များကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။ (နာမည် အမည်ပေါက်ရမည်။ )
ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၀၀၆၇၃ ၊ ၀၉ ၅၀၁၅၆၄၇ ၊ ၀၉ ၅၁၅၁၅၇၆၊ ၀၉ ၄၂၈၆၂၄၃၆၃
မူလရောင်းဈေးထက်
(၁၀)ရာခိုင်နှုန်းအထူးလျှော့ဈေး


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၃၈၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်အေးအေးခိုင် အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ချောစုနွယ် (ဘ)ဦးညွန့်အောင် ၁၁/သတန(နိုင်)၀၅၇၀၈၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၁၆၄)၊ မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်နွယ်နီဝင်း (ဘ) ဦးစိန်ဝင်း ၉/ပသက (နိုင်)၀၂၆၆၇၂ အမည်ပေါက်မြေကွက်အား ဒေါ်နွယ်နီဝင်း ထံမှ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၁၀၃၄/၂၀၂၂) ၃-၁၁-၂၀၂၂ ရရှိထားသူ ဒေါ်သီတာအေး (ဘ)ဦးအုန်းမောင် ၁၂/စခန(နိုင်)၀၁၇၉၉၆မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် (မိတ္တူ)အဆောက်အအုံခွင့်ပြုမိန့်အမှတ်(၁၀၄၂/၂၀၁၁-၁၂) (မူရင်း) တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေပေးမိန့်ကို ဒေါ်သီတာအေး (ဘ) ဦးအုန်းမောင်၁၂/စခန(နိုင်)၀၁၇၉၉၆အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ်အမှတ် 5P /1401 Toyota RAV 4 နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ပါမော်တော်ယာဉ်၏ Owner book မူရင်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးကိုကို ၁၂/မရက(နိုင်)၀၆၅၆၉၀ ၏ လက်ဝယ်တွင် ရှိပါသည်။ အထက်ပါမော်တော်ယာဉ်နှင့်ပတ်သက်၍ မည်သူမဆို ဦးစိုးကိုကို၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်သည်။

အဆိုပါ မော်တော်ယာဉ်အား မည်သူတစ်ဦးတစ်ယောက်မျှ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖျက်ဆီးခြင်း၊ ချို့ယွင်းအောင်နှင့် က.ည.န တွင် Owner book အပျောက်လျှောက်ခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက ဥပဒေအရ တရားစွဲခံရမည့်အပြင် မော်တော်ယာဉ်တန်ဖိုးများပါ ဆုံးရှုံးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုသန္တာဝင်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၉၆၄၃၀၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ တိုက်အမှတ်-၁၁ (ဒုတိယထပ်) (၃-လွှာ)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ) ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းဝင်း ၁၂/တမန(နိုင်)၀၁၈၂၇၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ဆုဝေ (LL.B)** (၅၃၃၆၉) အထက်တန်းရှေ့နေ
**ဒေါ်မိုးမီမီခိုင် (LL.B)** (၅၃၄၉၁) အထက်တန်းရှေ့နေ
**အမှတ် – ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉-၄၅၅၆၇၇၆၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/81892 DAYANG 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဦး ၁၄/ပသန(နိုင်)၂၅၁၉၅၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**


စာအုပ်
စာပေ
လူ့မိတ်ဆွေ


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ-၅၆၄၃) ဦးဟန်သူ (ဘ) ဦးဘုန်းသူ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဇာဇာဖြိုး ၇/ဒဥန(နိုင်)၁၆၁၇၀၉ (ဘ)ဦးမြမောင်မှ မြန်မာသံရုံး ကိုလံဘိုမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁/၂၀၂၂ (၂-၃-၂၀၂၂) တင်ပြ၍ ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂ (ဘ)ဦးရွှေသောင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၄)လမ်း၊ အမှတ် (၁၆၈)က (၆-လွှာ)၊ အကျယ်အဝန်း (၁၈'x၅၄')ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန္ဒာဝင်း ၁၂/ဥကတ(နိုင်)၁၁၆၇၁၉မှ မိမိသာလျှင် ယနေ့အချိန်ထိ လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၀၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## ၂၀၂၂ခုနှစ်၊ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်
## (Recruitment Point System)
## ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ
## EPS-TOPIK (စိုက်ပျိုး / မွေးမြူရေးလုပ်ငန်း)
## ဖြေဆိုအောင်မြင်ပြီးသူများအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် EPS စနစ်ဖြင့် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးနစ်ဖြင့် အလုပ်ခန့်ထားသည့်စနစ် (Recruitment Point System)အရ ကိုရီးယားဘာသာစကား အရည်အချင်းစစ်ဆေးသည့် (EPS–TOPIK) (စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း)စာမေးပွဲကို ၂၉-၉-၂၀၂၂ ရက်မှ ၂၇-၁၀-၂၀၂၂ ရက်ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ၁၁-၁၁-၂၀၂၂ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း စာမေးပွဲအောင်မြင်သူ (၃၁၀၄)ဦးအတွက် အလုပ်လျှောက်လွှာ (Job Application Form)များအား ယှဉ်တွဲပါရက်များအလိုက် ဖော်ပြထားသော (EPS–TOPIK)စာမေးပွဲ ခုံနံပါတ်များအတိုင်း နေ့စဉ်နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ လျှောက်လွှာများ စိစစ်ထုတ်ပေးခြင်း၊ လက်ခံခြင်းများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ပင်လုံခန်းမ) ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ စာမေးပွဲအောင်မြင်သူများအတွက်လျှောက်လွှာများအားအောက်ပါနေ့ရက်များတွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်-

(က) ၂၂-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၀၀၀၁၆မှ ခုံအမှတ် ၅၀၇၁၈၅၀၂ထိ
(ခ) ၂၃-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၁၈၅၀၉မှ ခုံအမှတ် ၅၀၇၂၇၂၄၀ထိ
(ဂ) ၂၄-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၂၇၂၄၄မှ ခုံအမှတ် ၅၀၇၃၄၂၈၇ထိ

၄။ ကျန်းမာရေးဆေးစစ်အောင်မြင်ပြီးသူများ၏ အလုပ်လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါရက်များ၌ ယှဉ်တွဲဖော်ပြပါ ခုံနံပါတ်များအတိုင်း လက်ခံ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ၂၅-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၀၀၀၁၆မှ ခုံအမှတ် ၅၀၇၁၁၂၆ ထိ
(ခ) ၂၆-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၁၁၂၈မှ ခုံအမှတ် ၅၀၇၁၈၅၀၂ ထိ
(ဂ) ၂၈-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၁၈၅၀၉မှ ခုံအမှတ် ၅၀၇၂၃၄၇၄ ထိ
(ဃ) ၂၉-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၂၃၄၈၅မှ ခုံအမှတ် ၅၀၇၂၇၂၄၀ ထိ
(င) ၃၀-၁၁-၂၀၂၂ရက် ခုံအမှတ် ၅၀၇၂၇၂၄၄မှ ခုံအမှတ် ၅၀၃၀၅၂၉ ထိ
(စ) ၁-၁၂-၂၀၂၂ရက် ခုံအမှတ် ၅၀၇၃၀၅၃၁မှ ခုံအမှတ် ၅၀၇၃၄၂၈၇ ထိ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးကြည်ဝင်းစိုး ၁၂/မဘန(နိုင်)၀၀၄၉၉၇ (ဘ)ဦးသိန်းမောင် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၃၄၉)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ဥမ္မာကျော် ၉/ပမန (နိုင်)၀၀၁၉၇၃ (ဘ) ဦးကျော်ဒင်မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အောင်ဇေယျ)၊ ဦးပိုင်အမှတ်(၁၈၂)၊ ဧရိယာ ၀ ဒသမ ၀၉၃ ဧက အား ဦးစိုးမြင့်(ဘ) ဦးစိန်မောင် ၉/တကန(နိုင်)၀၀၉၈၁၃ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၇၅၈/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်၊ အပိုင်း(၄)၊ အိမ်အမှတ်(၁၃၄)နေ ဦးစိန်မောင်-ဒေါ်တင်မြတို့၏သမီး မဖြူဖြူသင်း ၁/မကန(နိုင်)၀၁၆၂၉၆သည် မိခင်၏ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဒေါ်တင်မြ**
**၁/မကန(နိုင်)၀၁၆၂၉၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကယ်နီ ၉/မကန(နိုင်)၁၀၄၀၉၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၀၂၇၈၂၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေဖြိုးအောင် ၉/ပဥလ(နိုင်) ၀၈၉၂၆၅၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၃၆၂၈၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးခင်မောင်တင့် ၅/ရဘန(နိုင်)၁၁၆၈၉၆ (ဘ) ဦးလာဘ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၁၈၈၂)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၆၄/၂၀၂၁ (၁၁-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိမွန် ၁၀/မလမ(နိုင်) ၀၀၃၅၉၄ (ဘ) ဦးထွန်းရီမှ ဒေါ်ကြူကြူမွန် ၁၀/မလမ(နိုင်)၀၁၃၉၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြ(၅)လမ်း၊ မြေတိုင်းရပ်ကွက်၊ စံပြရပ်ကွက်၊ မြေကွက်အမှတ်(၉၉)၊ မြေအကျယ်အဝန်း (အလျား ၂၅ပေ x အနံ ပေ၆၀)၊ ဒေါ်စိန်စိန်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ မူလအမည်ပေါက် ဒေါ်စိန်စိန်(ကွယ်လွန်)၏ အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်ရီရီခင် ၁၂/တမန(နိုင်)၀၇၇၅၇၆၊ ဒေါ်ဝင်းဝင်းကြည် ၁၂/လမန(နိုင်) ၀၉၀၉၆၄၊ ဒေါ်အေးအေးလွင် ၁၂/သဃက(နိုင်)၁၃၂၉၀၉၊ ဦးရဲလင်းမြင့် ၁၂/သဃက(နိုင်)၀၀၁၁၄၁၊ ဦးလင်းထိုက်အောင်၊ ဦးအောင်ပြည့်ဖြိုး၊ ဒေါ်မျိုးမွန်သက် ၁၂/ဗဟန (နိုင်)၀၈၅၃၆၄ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးချစ်ကိုကို ၁၂/သဃက(နိုင်)၁၄၇၃၈၁ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်ကိုကို၏ လွှဲအပ်ချက်အရ-**
**ဒေါ်အေးမြသီတာ(LL.B) ဒေါ်အေးသန္တာမင်းအောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း၊ အမှတ်(၅၈/အေ)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၀၇၂၄၉၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ တိုက်အမှတ်-၃၅၅/က (ငါးလွှာ/အပေါ်ဆုံးထပ်)၊ (၁၈ပေ x ၅၄ပေ)ရှိ ဒေါ်ကြည်ပြာရွှေ ပိုင်ဆိုင်သည့်တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ကြည်ပြာရွှေထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအားဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ငွေး(LL.B, D.B.L, D.I.L) ဒေါ်ခိုင်ဦးသူ (LL.B,D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉) အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်- ၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 16W/81779 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၁၄/ပသရ(နိုင်)၀၀၉၇၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/39972 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုဇင်အေး ၁၄/ဟသတ(နိုင်)၂၇၅၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ မန်လည်အုပ်စု၊ ကွမ်းအုံရွာနေ မောင်နိုင်ဝင်း ၉/နထက(နိုင်) ၁၅၄၈၅၈မှ ဇနီးဖြစ်သူ မသန်းသန်းနွယ် ၉/နထက(နိုင်)၁၆၄၇၂၈ သည် မိမိသဘောအလျောက် ခင်ပွန်းမသိရှိဘဲ အိမ်မှထွက်ခွာသွားပါသဖြင့် ယခု ကြော်ငြာသည့်ရက်မှစတင်၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မောင်နိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၆၈၀/၁၉၈၆)**
**ရှေ့နေများနားနေခန်း၊**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ရုံးဝင်း၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၂၆၃၇၅၀၆၇၈၊ ၀၉-၇၈၀၈၁၃၆၂၂၊ ၀၄၂-၂၂၃၀၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာနူးအောင် ၁/မကန(နိုင်)၂၂၃၉၄၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၇၄၈၃၁၃၈၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မထုခမ် ၁/အဂယ (နိုင်)၀၀၂၅၂၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၇၄၈၆၃၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဥမ္မာ ၁/မကန (နိုင်)၂၄၃၃၆၀၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၈၈၄၉၇၇**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)တွင် တက်ရောက်ခဲ့သော မောင်တခွန်ဖုန်ခန်ဟမ် ၁/မကန (နိုင်) ၂၂၀၆၆၅၏ဖခင် ဦးဒွမ်ဖေရမ်ဆားရ်၏ အမည်မှန်မှာ ဦးဖေရမ်ဆားရ်(ခ)တခွန်ဖုန် ၉/မမန (နိုင်) ၀၀၃၈၇၉ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ တာကလေးရပ်ကွက်၊ အေးမြနန္ဒာ ဈေးလမ်းနေ ဦးအောင်ကြိုင်၏သမီး တက္ကသိုလ်ဝင်တန်းအောင် မအိသန္တာဖြိုး ၁၄/ဟသတ (နိုင်) ၃၆၉၈၇၃ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၅-၂၀၀၅ ခုနှစ် ဖြစ်ပါသည်။

## အမည်မှန်

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ် လုပ်ကိုင်နေသော ကျွန်တော် မောင်ဇင်မင်းဟိန်း ၏ အမည်မှန်မှာ မောင်ဇင်မင်းဟိဏ်း ၉/ပမန(နိုင်) ၂၅၈၈၃၃ဖြစ်ပါကြောင်း။

**မောင်ဇင်မင်းဟိဏ်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/1166 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၇/ပခန (နိုင်)၀၁၀၈၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ပုသိမ်မြို့နယ်သမဝါယမအသင်းစုလီမိတက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လေလံလျှောက်လွှာ ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် သမဝါယမအသင်းစုလီမိတက်မှပိုင်ဆိုင်သော အောက်ဖော်ပြပါ အဆောက်အအုံများ၊ လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများကို မျက်မြင်မြေပြင်ရှိ အနေအထားအတိုင်း ချိပ်ပိတ်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ၁။ တိုက်ခံ (၂)ထပ်အိမ်မြေကွက်၊ ရွှေသောင်ယံမြို့နယ်၊ သဘော့ကန် (၈၀' x ၆၀')အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၄၇'x ၁၅') အကျယ်အဝန်းရှိ အဆောက်အအုံ တစ်လုံး

၂။ တိုက်ခန်း (မြေညီထပ်)၊ အမှတ် (၂)ရပ်ကွက်၊ ကမ်းနားလမ်း၊အမှတ် (၁) ကုန်စည်ဒိုင်ဝင်းအတွင်း (၁၁'x၅၀')ရှိ အခန်းတစ်ခန်း

၃။ အိမ်ခြံမြေ (သစ်သားအိမ်) ရကအ(၁၂) ကြခတ်ကုန်း (၆၆' x ၃၂')ရှိ တစ်ထပ်အဆောက်အအုံ တစ်လုံး

၄။ အိမ်ခြံမြေ (၃)ပင်(၂)ခန်း၊ ရကအ (၅)၊ ပပဝတီ (၂)လမ်း၊ (၂၀'x၆၀')ရှိ မြေပေါ်တွင် တည်ဆောက်ထားသော တစ်ထပ်သစ်သားအိမ် အဆောက်အအုံတစ်လုံး

**လေလံတင်ရောင်းချမည့်ရက်** - ၂၇-၁၁-၂၀၂၂ရက်မှ ၃၀-၁၁-၂၀၂၂ရက်အထိ
**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၃၀-၁၁-၂၀၂၂ရက်၊ ၁၆:၀၀နာရီ
**လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမဦးစီးဌာန၊ ကုန်စုံလမ်း၊ ပုသိမ်မြို့။

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ၊ လျှောက်လွှာပိတ်မည့်ရက် ၃၀-၁၁-၂၀၂၂ရက်၊ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပုသိမ်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်၊ ကုန်စုံလမ်း၊ (ရိုးမဘဏ်အနီး)သို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက် အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီး နောက်နေ့ ၁-၁၂-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို ပုသိမ်မြို့နယ်သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ၀၄၂-၂၁၁၆၁
(ခ) ၀၉-၇၄၀၈၂၂ ၆၅၀
(ဂ) ၀၉-၄၄၃၁၄၃၃၆၈
(ဃ) ၀၉-၂၅၀၄၃၈၈၇၃
(င) ၀၉-၂၅၄ ၅၈၈၁၈၂
(စ) ၀၉-၄၅၁၂၄၅၀၆၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ(၃၀)လမ်း၊ အမှတ်(J/၂၆၉)ဟုခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးမောင်အောင်အမည်ဖြင့် စလစ်၊ ပြေစာ အမည်ပေါက် ပေ (၄၀x၆၀) အကျယ်ရှိ မြေကွက်အားလက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးဌေးလှိုင်ဝင်း ၁၂/သကတ(နိုင်)၁၅၃၃၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ချောစုမွန်၊ ဦးရဲလင်းအောင် တို့ကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ရွှေ ၁၀/ခဆန(နိုင်)၀၇၅၂၅၉နှင့် ဒေါ်သီတာ ၁၂/လမန(နိုင်)၁၂၆၇၁၅တို့၏ အငယ်ဆုံးသား မောင်သော်ဇင်ထွဋ် ၁၂/မဘန(နိုင်) ၁၈၃၀၅၆သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်ကထွက်ခွာသွားသည်မှာ ကြာပြီဖြစ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူလုပ်ကိုင်နေပါသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ၡင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးမြင့်ရွှေ၊ ဒေါ်သီတာ

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီရိန်လင်း(LL.B)
(စဉ်-၅၅၂၃၄)
အထက်တန်းရှေ့နေ

## မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး ဝတ္တကမြေပေါ်ရှိ ဝန်ဆောင်မှု လုပ်ငန်းများကို ၁-၁-၂၀၂၃ရက်မှ ၃၁-၁၂-၂၀၂၃ရက်အထိ ၁၂လတာကာလအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

| စဉ် | ဝန်ဆောင်မှုလုပ်ငန်း | တည်နေရာ |
|---|---|---|
| ၁။ | မြောက်ဘက်ယာဉ်ရပ်နားကွင်း | မြောက်ဘက်စောင်းတန်းရှေ့ |
| ၂။ | တောင်ဘက်ယာဉ်ရပ်နားကွင်း | တောင်ဘက်စောင်းတန်းရှေ့ |
| ၃။ | မြောက်ဘက်ဖိနပ်အပ်လုပ်ငန်း | မြောက်ဘက်စောင်းတန်း |
| ၄။ | တောင်ဘက်ဖိနပ်အပ်လုပ်ငန်း | တောင်ဘက်စောင်းတန်း |
| ၅။ | မြောက်ဘက်သန့်စင်ခန်း | မြောက်ဘက် |
| ၆။ | တောင်ဘက်သန့်စင်ခန်း | တောင်ဘက် |
| ၇။ | အရှေ့ဘက်သန့်စင်ခန်း | အရှေ့ဘက် |
| ၈။ | မြောက်ဘက်ပန်းအရောင်းဆိုင် | မြောက်ဘက်စောင်းတန်းရှေ့ |
| ၉။ | တောင်ဘက်ပန်းအရောင်းဆိုင် | တောင်ဘက်စောင်းတန်းရှေ့ |
| ၁၀။ | ငါးနှင့်လိပ်စာအရောင်းဆိုင် | မင်္ဂလာကန်တော် |
| ၁၁။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင် | မြောက်ဘက်စောင်းတန်း |
| ၁၂။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင် | တောင်ဘက်စောင်းတန်း |
| ၁၃။ | ကန်တော့ပွဲရောင်းချခြင်းလုပ်ငန်း | သူတော်စင်စံနန်း |

တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း ၁-၁၂-၂၀၂၂ ရက်မှစ၍ လာရောက်ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

တင်ဒါအဆိုပြုလွှာများကို ၁၀-၁၂-၂၀၂၂ရက်၊ တနင်္လာနေ့၊ ၁၃:၀၀နာရီတွင် ပိတ်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ကြော်ငြာပါမည်။

**မှတ်ချက်။ ကြမ်းခင်းဈေးမမီသော လျှောက်လွှာများကို စပေါ်ငွေပြန်ပေးမည်မဟုတ်ပါ။**

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မင်းဓမ္မကုန်းတော်၊ ဂေါပကအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၁၁၃၄) ဟုခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြသန်းအမည်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ထွက်ရှိထားသော ပေ (၄၀x၆၀) အကျယ်ရှိ မြေကွက်ကို ကျွန်ုပ်မိတ်ဆွေ ဦးဇော်နိုင်ဦးမှ ၇-၃-၂၀၁၉ ရက်တွင် ဦးစိုးလွင် ၁၂/ဥကမ(နိုင်)၁၅၁၉၅၄ ထံမှ လက်ရောက်ဝယ်ယူခဲ့၍ ယနေ့ထိ လက်ရှိပိုင်ဆိုင်လျက်ရှိပြီး ကျွန်ုပ်မိတ်ဆွေ၏သဘောတူညီခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား ကျွန်ုပ်မိတ်ဆွေမှ ဥပဒေအရ အရေးယူရလိမ့်မည်ဖြစ်ပြီး ထိုမြေကွက်ကို လက်ရှိပိုင်ရှင် ကျွန်ုပ်မိတ်ဆွေမှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နိုင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၇၅၉/ခ၊ ဧရိယာပေ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ်(၇၅၉/ခ) အောင်သစ္စာ(၆)လမ်း(ရှေ့)၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးနီတွတ် ၁၂/သကတ(နိုင်)၀၇၅၅၂၆ အမည်ပေါက်နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးနီတွတ် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့် ၁၂/သကတ(နိုင်) ၀၇၉၀၁၇ မှ ဦးနီတွတ်၏ တရားဝင်ဇနီးဖြစ်ပြီး မိမိတစ်ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးနီတွတ်၏ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ မွန်တန်းလျားလမ်း၊ အမှတ်(၁၁၁) မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၄ ၁/၂)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)အကျယ်အဝန်း(၁၂ပေx၄၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလမြေရှင် အမည်ပေါက်ဦးခင်ဦး/ဦးအေးနိုင်၊ ဒေါ်သန်းနု၊ ဦးမင်းသွင်ဦး တို့ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိအကျိုးခံစားနေသော ဒေါ်စန်းမြင့် ၇/ကတခ (နိုင်)၀၇၄၄၈၈ က ၎င်းသာ အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းမှုကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေနှင်းဖွေးက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ် ပြုလုပ်မည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် တရားဝင် ပေးပို့ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများပေးချေ၍ အရောင်းအဝယ် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်တာဝန်ပေးချက်အရ-
ဒေါ်ဆွေဇင်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၃)
အမှတ်(၄၀/က)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၂၀၂၇၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ၊ မြေတိုင်းရပ်ကွက်အမှတ် ၎/၁၂၊ မြေကွက်အမှတ် ၁၇၀၊ နှင်းဆီလမ်း၊ မြေအကျယ်အဝန်း(၆၀x ၆၀)ပေ၊ မြေငှားစာချုပ်အမည်ပေါက် ဒေါက်တာသန်းနုရွှေ ၁၂/ကမရ(နိုင်)၁၄၂၁၀၈ ထံမှ အဆင့်ဆင့်သော ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူအကျိုးခံစားလျက်ရှိနေသော ဦးသိန်းအောင် ၅/ခဥန(နိုင်)၀၆၄၆၈၂ က ရောင်းချခွင့်ရှိကြောင်း မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသန်းနိုင်**
၁၂/မရက(နိုင်)၁၃၉၉၃၁

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြင့်(H.G.P,LL.B)** တရားလွှတ်တော်ရှေ့နေ (၃၂၂၆)
**ဒေါ်နှင်းမြခိုင်(LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ (၁၁၃၀၃)

အမှတ်(၁၄၀)ဒုတိယထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃၊ ၀၉-၇၃၀၈၈၃၈၃

## အမည်ပြောင်း

အ.ထ.က(၃)၊ မြောက်ဥက္ကလာပမြို့နယ်တွင် ပညာသင်ကြားနေသော Grade-8မှ (ဘ) ဦးမိုးဆန်း၏ သမီး မမြတ်ရွှေရည်သွန်းအား မချမ်းမြေ့သံစဉ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချမ်းမြေ့သံစဉ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7104 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ရှိုင်းပြည်နယ်၊စစ်တွေမြို့၊စက်မှုရပ်ကွက်(ဆတ်ရိုးကျ)အကွက်အမှတ်နှင့်အမည်(၆/မင်းဒရေး ချိတ်အနောက်)ရွှေမင်းဂံဆိပ်ကမ်းသွားကားလမ်းဘေးရှိမြေကွက်အမှတ်(၂၈၄+၂၈၅) ဧရိယာ(၀.၉၁၈)ဧကနှင့်မြေကွက်အမှတ်(၂၈၃+၂၈၆)ဧရိယာ(၀.၉၁၈)ဧကအသီးသီး ရှိသည့် ဒေါ်ဇိုးပါရီ(၁၂/ကတတ(နိုင်)၀၀၁၈၉၂)အမည်ပေါက် မြေငှားဂရန် မြေကွက်(၄)ကွက်တွဲအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အမှတ်(၂၈၄ + ၂၈၅)၊ ဧရိယာ(၀.၉၁၈)ဧကကို စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကပေးအပ်ထားသည့် နှစ်(၃၀)မြေငှားဂရန်တွင်လည်းကောင်း၊ မြေကွက်အမှတ်(၂၈၃+ ၂၈၆)၊ ဧရိယာ(၀.၉၁၈)ဧကကို စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကပေးအပ်ထားသည့် (၁၀)နှစ်မြေငှားဂရန်တွင်လည်းကောင်း၊ တရားဝင်အမည်ပေါက်သူ-ဒေါ်ဇိုးပါရီ(၁၂/ကတတ(နိုင်)၀၀၁၈၉၂)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးကျော်ညွန့်(၁၂/ဥကတ(နိုင်)၁၁၄၅၉၄)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄၊ မြေကွက်အမှတ်- ၄၂၃ ၊ ဧရိယာ- ၀. ၀၅၅ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၄) ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ် (၄၂၃) ဟုခေါ်တွင်သည့် ရေ၊ မီး အစုံ (၃) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဦးဇော်ထွန်း (၁၂/ဗဟန (နိုင်) ၀၃၁၆၈၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ပတ္တမြားစေတီလမ်း၊ အမှတ် (၁၁)၊ အကျယ်အဝန်း ( ၅၀ ပေ X ၂၇ ပေ)ရှိ မြေကွက်နှင့် (၅) ခန်းတွဲတစ်ထပ်နေအိမ်သည် ဒေါ်လှတင်အေး ၁၁/ကတန(နိုင်)၀၄၀၀၅၉ ပိုင်ဆိုင်သောပစ္စည်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါပစ္စည်းကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှတင်အေးသည် ဦးလှစိန်ကျော် ၁၁/ကတန(နိုင်)၀၈၀၁၂၀ ထံမှ ၁-၇-၂၀၂၁ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားအကျိုးခံစားလျက်ရှိပါသည်။ သို့ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်လှတင်အေးသည် အထက်ဖော်ပြပါပစ္စည်း၏ပိုင်ရှင်ဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့ လုပ်ကိုင်ခွင့်မရှိပါကြောင်းနှင့် လုပ်ကိုင်ဆောင်ရွက်သူ မည်သူ့ကိုမဆို ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်ဇာထွေး (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၁၁)
ဖုန်း-၀၉-၄၅၀၅၉၉၇၆၃

ဦးထွန်းမင်းသိန်း (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၈၃)
ဖုန်း - ၀၉-၄၅၁၇၅၃၉၄၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်းအတွင်းရှိ တိုက်နံပါတ် A-4၊ ပထမထပ်၊ အခန်းနံပါတ်(၂၂၃)(ထောင့်ခန်း) ဧရိယာ ၁၁၈၅ စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးသိန်းဝင်း ၁၂/ခရန(နိုင်)၀၀၀၂၆၃က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့က ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူနိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၇/၂၀၁၄)
ဖုန်း-၀၉-၅၄၀၀၉၀၂

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြအေး

### အသက် (၇၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်မေတ္တာ (၁)လမ်း၊ အောင်မေတ္တာ (၇)ရပ်ကွက်၊ အမှတ် (၆၁၇) နေ ဦးသန်းညွန့်(ကွယ်လွန်)၏ဇနီး၊ ဦးစိုးမြင့်နောင် (ဒုတိယညွှန်ကြားရေးမှူး၊ e-Government ဌာန)- ဒေါ်မေဇင်ထိန်ဝင်းတို့၏ မိခင်ကြီးသည် ၁၇-၁၁-၂၀၂၂ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**e-Government ဌာနမှ ဝန်ထမ်းများ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဒေါ်ခင်ထွေးထွေးရီ

### (ဆ.သ.ရ)

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း အမှတ် ၄၉နေ ဦးမောင်မောင်-ဒေါ်တင်ရီတို့၏ သမီး၊(ဦးမြသိမ်း)(ဆ.သ.ရ)၏ဇနီး၊ (ဦးမျိုးညွန့်)-ဒေါ်သန်းရင်၊(ဒေါ်တင်တင်ကြည်)၊ ဦးရဲမြင့်-ဒေါ်ခင်ကျော့ဝေတို့၏ညီမ၊ မောင်အောင်ကိုကိုရဲ၊ မအိကျော့မွန်၊ (မောင်ဟိန်းလပ်ဦး)တို့၏အဒေါ် ဒေါ်ခင်ထွေးထွေးရီ(ဆ.သ.ရ)သည် ၁၇-၁၁-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9Q/3038 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇံ ၁၂/ဗတထ(ဧည့်) ၀၀၀၂၇၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမည်မှန်

သီနွီမြို့နယ်၊ ကောင်းလောက်စောက် ကျေးရွာနေ ဦးမျိုးကျော်ကျော် ၈/မလန(နိုင်)၀၈၉၈၈၇ ၏သား မောင်လှိုင်မျိုးဦး၏ အမည်မှန်မှာ မောင်လွင်စိုးအေး ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးသီတာဝင်း(ဘ) ဦးညာဏ်အောင် ၁၂/ဥကတ(နိုင်) ၁၅၃၃၀၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မအေးသီတာဝင်း**
**ဖုန်း-၀၉-၇၈၁၂၇၂၆၈၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/48625, Trawlergi (Lifan), FARM TRUCK (4x2) L Dump Body ယာဉ်လက်ဝယ်ရှိသူ ဦးတင်နိုင်ထွန်း ၉/တတဥ(နိုင်) ၁၂၈၂၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/20690, Yamaha FZ M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၅/ဝလန(နိုင်)၀၀၉၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဒေါ်စန္ဒာမင်း၊ ဦးနိုင်ဝင်း၊ ဦးဇော်ဇော်ငြိမ်းတို့နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်၊ အကွက်အမှတ် (မ-၄၅)၊ ဦးပိုင်အမှတ် (၆၉+၇၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမော်မော်(ဘ) ဦးတင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်၊ အကွက်အမှတ် (မ-၄၅)၊ ဦးပိုင်အမှတ် (၆၉+၇၀)၊ ဧရိယာ ၀ဒသမ၀၁၀၂ဧကအကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်စန္ဒာမင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန် မြေကွက်ကို ဒေါ်စန္ဒာမင်းထံမှ ဦးနိုင်ဝင်းကလည်းကောင်း၊ ဦးနိုင်ဝင်းထံမှ ဦးဇော်ဇော်ငြိမ်းကလည်းကောင်း၊ ဦးဇော်ဇော်ငြိမ်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမော်မော်ကလည်းကောင်း၊ အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ ပြီး ဦးမော်မော်ကိုယ်တိုင် လက်ရှိထားနေထိုင်လျက်ရှိပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးမော်မော်အနေဖြင့် ၎င်းဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသည့် အထက်ဖော်ပြပါ မြေကွက်အား ဂရန်အမည်ပြောင်း လျှောက်ထားရန်အတွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိပါသည်။ ထို့ကြောင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ကြသော ဦးဇော်ဇော်ငြိမ်း၊ ဦးနိုင်ဝင်းနှင့် ဒေါ်စန္ဒာမင်းတို့ကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးမော်မော်ထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ကိုယ်တိုင်လာရောက်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

အကယ်၍ လာရောက်ဆက်သွယ်ပြီး ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာ တရားရုံးတော်၌ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဇော်ငြိမ်း၊ ဦးနိုင်ဝင်း၊ ဒေါ်စန္ဒာမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမော်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၂၉)**
**အကွက် (၂၈၉)**
**ဒေးဝန်းအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၇၀၃၅၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မြမြ

### အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၁၃)၊ အခန်း (၉/င)၊ မြတ်မင်္ဂလာကွန်ဒို၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်ဆန်း)၏ဇနီး၊ ဦးစွမ်းရည်-ဒေါက်တာမိုးမိုးဆန်းတို့၏မိခင်၊ စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေး (မြန်မာပြည်အောက်ပိုင်း)အဖွဲ့ နာယကကြီး ဒေါ်ခင်မြမြသည် ၁၄-၁၁-၂၀၂၂ရက် (တနင်္လာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ**
**အထက်/အောက်မြန်မာပြည်ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့**

## ဒုတိယဗိုလ်မှူးကြီး ကျော်ဆန်းဝင်း

### DSA-43၊ တပ်မတော်(ရေ)

### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ဗဟိုလမ်း၊ အဏ္ဏဝါရိပ်သာ၊ တိုက်(၁၂/ခ)၊ အခန်း(၄)နေ ဦးမြသောင်း-ဒေါ်ဝင်းဝင်းတို့၏သား၊ ဦးလှမြင့်-(ဒေါ်ခင်သန်းငွေ)တို့၏သားသမက်၊ ဒေါ်ဥမ္မာသောင်း၏မောင်၊ ဦးကျော်ဇေယျ၏ညီ၊ ဦးသိုက်ထွန်း၊ ဦးနေအောင်ကျော်တို့၏ အစ်ကို၊ ဒေါ်မိုးမိုးခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မလင်းလက်အောင်၏ ချစ်လှစွာသောဖခင်သည် ၁၃-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၅:၀၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အေးငြိမ်းဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၂ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ အလုံမြို့နယ်၊ အဏ္ဏဝါရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

### မြဝတီခရိုင်တရားရုံးတော်၌

### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၇၈

| | | |
|---|---|---|
| ဦးစောသန်းရွှေ | နှင့် | ဦးမြင့်သိန်း |
| **တရားလို** | | **တရားပြိုင်** |

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးမြင့်သိန်း သိစေရမည်။

သင်၏အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ မြို့မ၊ မြန်မာနန်းအကွက်၊ ဦးပိုင်အမှတ် (၅၈၇)၊ မြေဧရိယာ ၀ဒသမ၀၈၃ဧက အကျယ်အဝန်းရှိ မြေကွက်ကို မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်)အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) (သောကြာနေ့) နံနက် ၁၀ နာရီ၌ အထက်ပါတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ကရင်ပြည်နယ်၊ မြဝတီခရိုင်တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်က ဆိုခဲ့သည့်နေ့ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိ တောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၀၆၃)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးညွန့်ဝေ(ဘ)ဦးဝင်းမောင် ၉/မနမ(နိုင်)၀၅၁၂၆၂ အမည်ပေါက် မြေကွက်အား ဦးညွန့်ဝေထံမှ မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၁၀၈၀/၂၀၂၂)၊ ၈-၁၁-၂၀၂၂ ရရှိထားသူ ဒေါ်သီတာအေး (ဘ)ဦးအုန်းမောင် ၁၂/စခန(နိုင်)၀၁၇၉၉၆ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မိတ္တူ)အဆောက်အအုံခွင့်ပြုမိန့်အမှတ် (၁၀၄၃/၂၀၁၁-၁၂)(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်သီတာအေး (ဘ)ဦးအုန်းမောင် ၁၂/စခန(နိုင်)၀၁၇၉၉၆ အားထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစောအယ်ဒီကြီး

### အသက်(၉၇)နှစ်

သူငယ်ချင်း ဦးစောသောမတ်(စ်)-ဒေါ်နော်ထိုမူနားတို့၏ မွေးသဖခင်ကျေးဇူးရှင်ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ယိုးဒယားကုန်းရပ်ကွက်နေ ဦးစောအယ်ဒီကြီး အသက်(၉၇)နှစ်သည် ၁၅-၁၁-၂၀၂၂ရက် (အင်္ဂါနေ့)နံနက် ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဦးခင်စိုး(ကံမမြို့)

### အသက် (၉၅)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အမှတ် (၃) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအောင်ခန့်-ဒေါ်သိန်း) တို့၏သား၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးခင်စိုး အသက် (၉၅) နှစ်သည် (၉၆)ပါးရောဂါဖြင့် ၁၈-၁၁-၂၀၂၂ရက် နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၀နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်20W/90217, SYM Bonus 110 ယာဉ်လက်ဝယ် ရှိသူ ဒေါ်နွယ်နွယ်ရွှေ ၉/မရတ(နိုင်) ၀၇၆၀၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/40283,HONDA C-90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသန့်ဇင် ၉/မကန(နိုင်) ၁၂၈၀၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့နယ်၊ ပြည်လမ်း၊ နဝဒေးရပ်ကွက်၊ အကွက်အမှတ် (၁၁၉၆)၊ (၆၀x၈၀) အား အမွေဆက်ခံခွင့်ရှိသူ ဒေါ်စန္ဒာဝင်း ၆/ကရရ(နိုင်)၀၀၁၇၃၁မှ ဦးကျော်ရွှေ ၈/မကန(နိုင်)၁၃၈၄၀၃အား ရောင်းချမည်ဖြစ်ပါသည်။ မြေကွက်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်သောကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ရောင်းဝယ်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ဦးကျော်ရွှေ**
**၈/မကန(နိုင်)၁၃၈၄၀၃**
**ဖုန်း-၀၉-၄၀၁၈၈၆၆၄၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂ဂျီ)၊ မြေကွက်အမှတ်(၄၃၈-ဒဗလျူ/၁ဘီ-၂ဘီ)၊ မြေအကျယ်အဝန်း(၄၀X ၁၀၀/၁၀၆)စတုရန်းပေရှိ(ဂရန်ရှိမြေပိုင်မြေ)နှင့် (အရပ်အခေါ်)ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၆၇ဟု ခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေး ၁၂/ဗဟန(နိုင်)၀၀၇၈၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇)**
**LL.B,D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၆၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အိမ်ရာအမည် Yankin Housing Project 2010-2011 တိုက်အမျိုးအစား (၂)ခန်းတွဲ၊ (၅)ထပ်၊ တိုက်အမှတ် (၆/၁)၊ အခန်းအမှတ် ၃၁၊ အထပ်(တတိယထပ်)၊ ဧရိယာ ၁၄၀၇ စတုရန်းပေရှိ တိုက်ခန်း(၁) ခန်း အပါအဝင် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူသင်း ၁၂/ဗဟန(နိုင်)၀၃၉၅၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော်(စဉ်-၈၃၈၇)**
**(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၆၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/20690 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/44167, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာထွန်း ၉/မဟမ(နိုင်) ၀၂၄၁၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၅၁၀၈, Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၃/နတရ(နိုင်) ၀၀၂၀၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9J/4490, Toyota RAV - 4 ACAD 6,S/W(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသန်းဦး ၉/မရမ(နိုင်)၀၇၅၁၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...**

❖ **ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြ....**

❖ **ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## အောင်လအန်ဆန်နှင့် အိုကာမီ တွဲဆိုင်းပါဝင်သည့် ONE 163 ပြိုင်ပွဲ ယနေ့ကျင်းပမည်


**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်နှင့် ဂျပန်နိုင်ငံသား အိုကာမီတို့ တွဲဆိုင်းပါဝင်မည့် ONE 163 ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် **(ယနေ့)** ညနေပိုင်းတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းက စီစဉ်သည့် ONE 163 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောင်ဆင်ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံသား အကီမိုတိုနှင့် ထိုင်းနိုင်ငံသား ပတ်ချာထာနွန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အပိုင်း (၁) ကို မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အပိုင်း (၂) ကိုမူ မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၁၄ ကော်လံ ၃* ❖


ဓာတ်ပုံ-ONE


ဇီးပြား ကြိုးပြင်ကာကွယ်တော။

## ဇီးပြားကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၂၂၀၀ ရှိသော နယ်မြေကို **"ဇီးပြားကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၁၆၁/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ *စာမျက်နှာ ၁၄ ကော်လံ ၁* ◆

**ယနေ့** သတင်းအညွှန်း

**ကင်ညာမှ ကမ္ဘာ့အသက်အကြီးဆုံး မူလတန်းကျောင်းသူ အသက် ၉၉ နှစ်တွင် ကွယ်လွန်** ပြည်တွင်းသတင်း စာ ၃၃

**တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ စတုတ္ထနေ့ဆက်လက်ကျင်းပ** ပြည်တွင်းသတင်း စာ ၁၄

**ဘားအံမြို့နယ် မိကရင်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ငါးဦးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လာရောက် ပစ်ခတ်သတ်ဖြတ်** ပြည်တွင်းသတင်း စာ ၂၀

**ကမ္ဘာ့ဖလားအဖွင့်မျက်နှာပန်းလှဖို့ အီကွေဒေါကိုကျော်ဖြတ်ရမယ့် ကာတာ** အားကစားသတင်း စာ ၂၃